ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (30-4-2005)(၄၅၈၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသို့တက်ရောက်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီး Pichanmet Muangmanee ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✡



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီး Pichanmet Muangmanee ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာ သီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❐ *ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်တိုးတက်နေသော အောင်မြင်မှုအခြေခံကောင်းများကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဆက်လက်၍ ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတော်ကို ထိပါးလာသည့် အဖျက်အမှောင့်အန္တရာယ်မှန်သမျှကို ပြည်သူ့သဘောထားလေးရပ်နှင့်အညီ တားဆီးတိုက်ဖျက်။*

(ခေါင်းကြီး) (စာမျက်နှာ–၂)



❐ *လူမျိုးစုံ၊ ပြည်ပနိုင်ငံစုံတို့က တီလားပီးယားငါးကို နှစ်သက် သဘောကျသဖြင့် ပြည်ပဈေးကွက်ဝင်သည်။ ပြည်ပဈေးကွက် သို့ ကြီးမားကျယ်ပြန့်စွာ တင်ပို့နိုင်ပြီဖြစ်သည်။*

ကြို့ပင်ကောက်တင်မောင်ဦး၏ **"အဖိုးတန်အကျိုးပြု တီလား ပီးယားငါးများ မွေးမြူကြပါစို့"** (ဆောင်းပါး)(စာမျက်နှာ–၁၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၄-၂၀၀၅ (စနေနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ကို ထိပါးလာသည့် အဖျက်အမှောင့်အန္တရာယ် ပြည်သူ့သဘောထားလေးရပ်နှင့်အညီ တားဆီးတိုက်ဖျက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံ၏နယ်မြေအစိတ်အပိုင်းအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသလိုအပ်ချက်နှင့်အညီ ဆီလျော်သည့် ဒေသဖွံ့ဖြိုးရေး အစီအမံများကို နိုင်ငံနှင့်အဝန်း ဖြန့်ကြက်ဖော်ဆောင်ပေးနေသည်။

ယင်းသို့ဖော်ဆောင်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တို့ကို အချိတ်အဆက်မိမိ ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်းအသီးသီးသည် အပြိုင်အဆိုင် အရှိန်အဟုန်ဖြင့် တိုးတက်လာနေသည်ကို တွေ့ရသည်။ ကုန်ထုတ်လုပ်မှုနယ်ပယ်၊ ဝန်ဆောင်မှုနယ်ပယ်နှင့် ကုန်သွယ်မှုနယ်ပယ်စသည့် စီးပွားရေးနယ်ပယ်အားလုံးသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေသည်။ ပြည်သူများ၏ လူနေမှုဘဝအခြေအနေမှာ ပြောင်းလဲတိုးတက်လာပြီး စားဝတ်နေမှုနှင့် သုံးစွဲမှုပုံသဏ္ဌာန်များမှာလည်း တိုးတက်မှုနှင့်ယှဉ်လျက် ပြောင်းလဲတိုးတက်နေသည်ကို မြို့ပြဒေသရော၊ ကျေးလက်ဒေသများမှာပါ အထင်အရှား မြင်တွေ့နေကြရပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နိုင်ငံတော်အစိုးရ၏ ယင်းကဲ့သို့ စေတနာဖြင့် မနေမနား တွန်းအားပေးလျက် ကွက်ပြည့်ဆောင်ရွက်နေမှု၏ ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုဘဝ ပြည့်စုံခိုင်မာရေးတို့အတွက်ပင်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ နိုင်ငံတော်ကို ရည်မှန်းချက်ရှိရှိ တည်ဆောက်နေခြင်းဖြစ်သည်။

ယင်းသို့ နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသော်လည်း တစ်ဖက်တွင် နိုင်ငံတော်ကို ဖျက်ဆီးမည့်သူများ ပေါ်ပေါက်လာသည်ကို တွေ့မြင်ကြားသိနေရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဧပြီလ ၂၇ ရက်နေ့တွင် ဧရာဝတီတိုင်း ကြခင်းမြို့နယ်၌ ကျင်းပခဲ့သည့် ကွန်ချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ **ဒို့တာဝန်အရေးသုံးပါးကိုဆန့်ကျင်ပြီး ပြည်ပတပည့်အဖြစ်ခံယူရင်း ပြည်ပလက်ကိုင်တုတ် အစေအပါးအဖွဲ့ ဖွဲ့စည်းကာ နိုင်ငံတော်ကို ဖျက်ဆီးမည့်သူများ ပေါ်ပေါက်လာသည်ကို ပြည်သူများအားလုံး အသိပင်ဖြစ်ကြောင်း၊ ယင်းတို့အပေါ် မည်သို့သဘောထားရမည်ဆိုသည်မှာလည်း ရှင်းပါကြောင်း၊ ပြည်သူ့သဘောထား လေးရပ်နှင့်အညီ ပြတ်ပြတ်သားသား တိုက်ဖျက်သွားရေးပင်ဖြစ်ကြောင်း၊ ပြည်သူအများ လူနေမှုအဆင့်အတန်း မြင့်မားရေး ရည်မှန်းဆောင်ရွက်ချက်များ အကောင်အထည် ရုပ်လုံးပေါ်လာပြီဖြစ်သည့် ယခုလိုအချိန်မှာ မည်သည့်အနှောင့်အယှက် အဖျက်လုပ်ရပ်မဆို ပြည်သူ့အားနှင့် တိုက်ဖျက်ရှင်းလင်းသွားကြရန်** တိုက်တွန်း ပြောကြားသွားခဲ့သည်။

ယနေ့အချိန်အခါတွင် နယ်စပ်ဒေသရော၊ ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံး ကွက်ပြည့်နီးပါး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာနေသည့်အလျောက် နိုင်ငံတော်ကို စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ညင်သာစွာကူးပြောင်းလျက်ရှိသည်။

ယင်းသို့ ကူးပြောင်းရာတွင် လက်တွေ့ကျပြီး ကြောင်းကျိုးဆီလျော်သည့် ရှေ့ကိုလျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းချမှတ်ကာ လက်တွေ့လည်း စနစ်တကျ အကောင်အထည်ဖော်နေသည်။

သို့ဖြစ်ရာ ယနေ့ နိုင်ငံတော်တွင် ဖြစ်ပေါ်တိုးတက်နေသော အောင်မြင်မှု အခြေခံကောင်းများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဆက်လက်၍ ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတော်ကို ထိပါးလာသည့် အဖျက်အမှောင့်အန္တရာယ်မှန်သမျှကို ပြည်သူ့သဘောထားလေးရပ်နှင့်အညီ တားဆီးတိုက်ဖျက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးစေရန် တောင်ကိုရီးယား ကြိုးပမ်းမည်

ဆိုးလ် ဧပြီ ၂၉

တောင်ကိုရီးယားနိုင်ငံ၏ ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးစေရန်နှင့် ဈေးကွက် ပိုမိုကျယ်ပြန့်လာစေရန် ချဲ့ထွင်ရေးအတွက် ကိုရီးယားအစိုးရသည် ထိုလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံကို လာမည့် ငါးနှစ်တာအတွင်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဧပြီ ၂၅ ရက်က ပြောကြားသည်။

ဖော်ပြပါ ငွေကြေးများကို ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေများအဖြစ် သုံးစွဲသွားမည်ဖြစ်သည်ဟု တောင်ကိုရီးယားနိုင်ငံ ရေကြောင်းဆိုင်ရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ရည်ရွယ်

ယခင်အခါများက တောင်ကိုရီးယားအစိုးရသည် ငါးဖမ်းလုပ်ငန်း အငယ်စားများနှင့် ငါးလုပ်ငန်းနှင့် ဆက်စပ်နေသော လုပ်ငန်းများကို ရန်ပုံငွေများ ချပေးကာ လုပ်ငန်းဖွံ့ဖြိုးရေး ပံ့ပိုးမှုပေးခဲ့သည်။ သို့ရာတွင် ယခုတစ်ကြိမ်၌မူ အစိုးရ၏ ရည်ရွယ်ချက်သည် ငါးလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ကြိုးပမ်းတားဆီး

ငါးဖမ်းလုပ်ငန်းကဲ့သို့သော လုပ်ငန်းများတွင် ပေးနေသည့် အစိုးရ အထောက်အပံ့များကို လုံးဝရပ်ဆိုင်းပစ်ရန် လုပ်ဆောင်မှုများကို အစိုးရအနေဖြင့် ကြိုးပမ်းတားဆီးသွားမည်ဟု ဆိုသည်။ ထိုသို့ ကြိုးပမ်းမှုများကို ဒိုဟာတွင် ပြုလုပ်မည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အစည်းအဝေးတွင် တင်ပြသွားရန်ရှိကြောင်း သိရသည်။

စီစဉ်

ထို့အပြင် တောင်ကိုရီးယားနိုင်ငံသည် ၂၀၀၈ ခုနှစ်အရောက်တွင် ဒေသတွင်းရှိ ငါးဖမ်းသင်္ဘော အရေအတွက်ကို ၁၀ ရာခိုင်နှုန်းလျှော့ချပြီး စင်းရေ ၆၃၀၀ သို့ လျှော့ချသွားနိုင်အောင် စီစဉ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ သင်္ဘောစင်းရေ လျှော့ချမည်ဖြစ်သော်လည်း ငါးလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသော လုပ်သားအင်အား အရေအတွက်ကိုမူ လက်ရှိအခြေအနေတွင် ၁၆၀၀၀ ရှိနေရာမှ ၂၀၁၁ ခုနှစ်တွင် ၂၀၀၀၀ အထိ တိုးမြှင့်သွားရန် ရည်ရွယ်ထားသည်ဟုဆိုသည်။

တောင်ကိုရီးယားနိုင်ငံသည် ငါးဖမ်းလုပ်ငန်းများအတွက် ပေးနေသော အထောက်အပံ့များ လျှော့ချရေးနှင့် ထိုလုပ်ငန်းများအပေါ်မှ ကောက်ခံနေသော အခွန်အကောက်များ ဖြတ်တောက်ရေးကိစ္စများကို ဆန့်ကျင်ကြောင်း ပြောကြားသည်။

ထိခိုက်

ဖော်ပြပါ လုပ်ငန်းများကို လက်ခံလိုက်လျှင် တောင်ကိုရီးယားနိုင်ငံ ငါးဖမ်းလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို ထိခိုက်သွားနိုင်စရာရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူအေအီးက လာမည့်နှစ်တွင် ရေနံထုတ်လုပ်မှုပမာဏတိုးမြှင့်မည်

အဘူဒါဘီ ဧပြီ ၂၇

အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)က ၎င်း၏ရေနံထွက်ပမာဏကို ၂၀၀၆ ခုနှစ်ကုန်တွင် နေ့စဉ် ပီပါ ၃ ဒသမ ၂သန်းအထိ မြှင့်တင်ထုတ်လုပ်မည်ဖြစ်ကြောင်း ခါလီတိုင်းမ်သတင်းစာက စနေနေ့တွင် ရေးသားသည်။

– ထုတ်လုပ်မှု –

ယူအေအီးအတွက် လက်ရှိအိုပက်မှ သတ်မှတ်ပေးသည့် ထုတ်လုပ်မှု သတ်မှတ်ချက်သည် ၂၀၀၅ ခုနှစ် မတ် ၁၆ ရက်တွင် စတင်သက်ရောက်ပြီး နေ့စဉ် ရေနံပီပါ ၂ ဒသမ ၄သန်းဖြစ်သည်။ ယခု လက်ရှိ ရေနံစိမ်းထုတ်လုပ်မှု ပမာဏသည် ၂၀၀၅ ခုနှစ် ဧပြီတွင် ပီပါ ၂ဒသမ ၅ သန်း ရှိမည်ဖြစ်သည်။

– ခွင့်ပြု –

အဘူဒါဘီ အမျိုးသားရေနံကုမ္ပဏီက ယူအေအီးဇာခမ်ရေနံမြေ ဖွံ့ဖြိုးရေးအတွက် အက်ဆွန်မိုဘိုင်းရေနံကုမ္ပဏီအား မဟာဗျူဟာမြောက် အစုစပ်ဝင်အဖြစ် ခွင့်ပြုခဲ့သည်။ အက်ဆွန်မိုဘိုင်းကုမ္ပဏီက ၂၀၀၈ ခုနှစ်တွင် လက်ရှိထုတ်လုပ်နေသည့် နေ့စဉ် ရေနံပီပါ ၅၅၀၀၀၀မှ ၇၅၀၀၀၀ အထိနှင့် ၂၀၁၀ ပြည့်နှစ်တွင် ၁ ဒသမ ၂ သန်း အထိ တိုးမြှင့် ထုတ်လုပ်ရန် သတ်မှတ်ခဲ့သည်။

ထိုအတောအတွင်း လက်ရှိ ရေနံမြေရှိ အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်မည့် စီမံကိန်း အများအပြားကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံခြားသတင်းများ

လူမှောင်ခိုကူးသူများကို နှိမ်နင်းရန် ထိုင်းအစိုးရ အားပေးဆောင်ရွက်

ဗန်ကောက် ဧပြီ ၂၈

ထိုင်းနိုင်ငံအစိုးရသည် လူမှောင်ခိုကူးခြင်းကို ပြင်းပြင်းထန်ထန် နှိမ်နင်းမည်ဖြစ်ပြီး အလားတူ လူမှောင်ခိုကူးခံရသူများကိုလည်း ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးမည်ဖြစ်သည်ဟု သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

လူမှောင်ခိုကူးခြင်း နှိမ်နင်းမှုများ ပြုလုပ်ရာတွင် ဒုတိယဝန်ကြီးချုပ် ဆူရာကရက်ဆာသီရာထိုင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် အမျိုးသားကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ဆောင်ရွက်မည်ဖြစ်သည်။

ကူညီဆောင်ရွက်

အဆိုပါကိစ္စများ ဆောင်ရွက်ရာတွင် လူမှောင်ခိုဂိုဏ်းအဖွဲ့များကို နှိမ်နင်းပြီး လူမှောင်ခိုကုန်ကူးခံရသူများအား ကူညီဆောင်ရွက်ပေးမှုများကို အဓိကထား ဆောင်ရွက်မည်ဖြစ်ကြောင်း တက်ခ်ပြည်နယ် မြောက်ဘက်သို့ စစ်ဆေးရေးခရီးစဉ်ထွက်စဉ် ၎င်း၏ ပြောကြားချက်များကို ကိုးကား၍ ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြခဲ့သည်။

ပြန်လည်ထူထောင်ရေး

ထိုလူမှောင်ခို ကူးခံရသူများအတွက် ပြန်လည်ထူထောင်ရေး စီမံကိန်းများ ရေးဆွဲထားရာ အဆိုပါစီမံကိန်းများတွင် ထိုသူများကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကူညီမှုများအရ ပါဝင်သည်။

အလားတူ ပြန်လည်ထူထောင်ရေး အတွက် လုပ်ငန်းခွင်သင်တန်းများတွင်လည်း အစိုးရနှင့်အတူ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေး အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ ဗန်ကောက်တွင် လူမှောင်ခိုကူးခြင်းခံရသူ ၁၅ ဦးထက်မနည်းကို ကယ်တင်ခဲ့ပြီး ၎င်းတို့ကို မိမိတို့နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးပြီးဖြစ်ကြောင်း တက်ခ်ပြည်နယ်ရှိ လူမှုဖွံ့ဖြိုးရေးနှင့် လူမှုဘဝလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ ဆာရီလာပရမ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် အိန္ဒိယနိုင်ငံက စမ်းသပ်ပစ်လွှတ်

နယူးဒေလီ ဧပြီ ၂၈

အိန္ဒိယပြည်တွင်းလုပ် ဒုံးကျည်ကို အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေ ဩရိဿဒေသရှိ အိန္ဒိယတပ်စခန်းမှ အင်္ဂါနေ့တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်။ ထိုဒုံးကျည်မှာ ထရိုင်ရှယ်ခေါ် မြေပြင်မှဝေဟင်ပစ် တာတိုဒုံးကျည် အမျိုးအစားဖြစ်သည်။

ပစ်လွှတ်

ကာကွယ်ရေးဌာန သုတေသနနှင့် စမ်းသပ်ရေးအဖွဲ့ (အိုင်တီအာ)က ထိုဒုံးကျည်ကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပစ်လွှတ်ခဲ့သည်ဟု အိုင်တီအာအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကား၍ အင်ဒို–အာရှသတင်းဌာနက ရေးသားဖော်ပြသည်။

အဆိုပါဒုံးကျည် စမ်းသပ်ပစ်လွှတ်ခြင်းသည် ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်းသာ ပစ်လွှတ်ခြင်းဖြစ်ပြီး ဒုံးကျည်၏ သတ်မှတ်ထားသော ပစ်မှတ်ကို တိတိကျကျ ထိမှန်မှု ရှိ၊ မရှိနှင့် အခြားသော စံချိန်စံညွှန်းများ ပြည့်မီမှု ရှိ၊ မရှိ သိရှိရန် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု အိုင်တီအာအဖွဲ့က ပြောကြားသည်။

အဆိုပါဒုံးကျည်ထိပ်ဖူး၏ အလေးချိန်သည် ၁၅ ကီလိုဂရမ်ရှိပြီး အကွာအဝေး ကိုးကီလိုမီတာကျော်ကို ပစ်ခတ်နိုင်သည်။ ၎င်းဒုံးကျည်၏ အချင်းသည် ၂၀၀ စင်တီမီတာရှိပြီး အရှည်သည် သုံးမီတာရှိသည်။ အဆိုပါ ဒုံးကျည်သည် အခဲလောင်စာအမျိုးအစားကို အသုံးပြုသည့် ဒုံးကျည်မျိုးဖြစ်သည်ဟု ကာကွယ်ရေး သုတေသနနှင့် စမ်းသပ်ရေးအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

✡ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်နှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်၊ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီး Pichanmet Muangmanee ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphut Dhirakaosal နှင့် စစ်သံမှူး Col. Prissapa Suvanatat တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသော ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီး Pichanmet Mua ngmanee အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများ ခေါ်ယူ

ရန်ကုန် ဧပြီ ၂၉

ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဦးသာသနဝရ(ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) တည်ထောင်သော "ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆု"များကို စိတ်ပါဝင်စားသူ ရဟန်းရှင်လူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်သည်။

ယင်းပြိုင်ပွဲတွင် သာသနာ့သမိုင်း စာပေဆု(ပ-ဒု-တ)၊ အထွေထွေဓမ္မစာပေဆု(ပ-ဒု-တ)၊ ဗုဒ္ဓတရားတော် အင်္ဂလိပ်ဘာသာ စာပေဆု(ပ-ဒု-တ)၊ ဓမ္မယဉ်ကျေးမှု စာပေဆု(ပ-ဒု-တ)၊ ပိဋကတ်ကျမ်းစာ သုတေသန စာပေဆု (ပထမဆု)၊ ပုံနှိပ်ပြီး ဓမ္မစာပေဆု (ပထမဆု)နှင့် ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆု ရှစ်ဆု အမျိုးအစားခုနစ်မျိုးတို့ကို ဆုရွေးချယ်မည်ဖြစ်သည်။

ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုများကို ၂၀၀၅ ခုနှစ် စာမေးပွဲမှ အထူးအောင်ရဟန်း၊ သာမဏေ၊ သီလရှင် ပထမဆုရသူများအား ချီးမြှင့်မည်ဖြစ်သည်။ ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၅ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် ဓမ္မစာပေစာအုပ်များထဲမှ ရွေးချယ်မည်ဖြစ်သည်။ ယှဉ်ပြိုင်လိုသူများသည် ဓမ္မဗိမာန်သို့လိပ်မူ၍ စာအုပ်နှစ်အုပ် ပို့ပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် စာမူများကို စက်တင်ဘာ ၃၀ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုံစံများကို ဓမ္မဗိမာန် အမှတ်-၆၀၆ ဒုတိယထပ် (၅)လမ်းနှင့် (၆)လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၂၁၁၃၅၉ နှင့် ၃၈၅၁၉၃ တို့သို့ အခမဲ့လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသအား ဒါယကာ၊ ဒါယိကာမများက စုပေါင်း ဂုဏ်ပြုပူဇော်သည့် ဂုဏာပူဇာမင်္ဂလာကို မေ ၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် နိကာယ်စာသင်တိုက်၌ ကျင်းပမည်ဖြစ်၍ ကြည်ညိုပူဇော်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်သို့ ဝင်ခွင့်လျှောက်ထားရန် ကြေညာ

ရန်ကုန် ဧပြီ ၂၉

အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ (သို့မဟုတ်) အခြေခံပညာ အထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ရရှိထားသူများအတွက် Understanding Networking Fundamentals ခြောက်ပတ်အချိန်ပိုင်း သင်တန်းကို မေ ၉ ရက်မှစ၍ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် လည်းကောင်း၊ ကိုးပတ် အချိန်ပိုင်းသင်တန်းကို မေ ၁၄ ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့များတွင် လည်းကောင်း ဖွင့်လှစ်ပို့ချမည် ဖြစ်သည်။

Understanding Networking Fundamentals လက်မှတ် သင်တန်းသို့ လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာတွင် အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုံအမှတ်၊ စာစစ်ဌာန၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သော စုစုပေါင်း ရမှတ်၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးထံမှ ထောက်ခံချက်၊ အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့် လိုင်စင်ဓာတ်ပုံတစ်ပုံ ပူးတွဲ၍ လျှောက်ထားရမည် ဖြစ်သည်။

တိုက်ရိုက်လျှောက်ထား

အဆိုပါသင်တန်းများသို့ လျှောက်ထားလိုသူများသည် မေ ၂ ရက်မှ မေ ၆ရက်အထိ အမျိုးသား စီမံခန့်ခွဲမှုပညာကောလိပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။

ဆက်သွယ်မေးမြန်းနိုင်

ဝင်ခွင့်ရရှိသူများစာရင်းကို မေ ၇ ရက်တွင် အမျိုးသား စီမံခန့်ခွဲမှုပညာ ကောလိပ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့၌ ကပ်ထားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း၀၁-၂၉၀၀၃၄ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်များနှင့် ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၄ခုနှစ် မိုးချေးငွေ လုပ်ငန်းစွမ်းဆောင်မှု အကောင်းဆုံးမြို့နယ်များနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများ၊ ရုံးချုပ်စာရင်းစစ် ထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ၂၀၀၄ ခုနှစ် မိုးချေးငွေလုပ်ငန်းစွမ်းဆောင်မှုအကောင်းဆုံးမြို့နယ်များအား ဆုများချီးမြှင့်ပြီး အထွေထွေမန်နေဂျာ ဦးဝင်းကြည်က သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က လယ်ယာ(၁၆) စက်များ အရောင်းချနိုင်ဆုံး ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်ဘဏ်ခွဲများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ မြို့နယ် ဘဏ်မန်နေဂျာများက လက်ခံပြီး ဆုရမြို့နယ် မန်နေဂျာများကိုယ်စား မြိတ်မြို့နယ်ဘဏ်မန်နေဂျာ ဦးရွှေဟိုက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကာယဗလလေ့ကျင့်နည်းစနစ်
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်သူ့အင်အားဦးစီးဌာနအကြောင်း သိကောင်းစရာ
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	သတင်းကောင်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	မိုးလေဝသခန့်မှန်းချက်
၈း၁၅	ဝါသနာရှင်စင်မြင့်
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	Say it in English
၉း၁၅	ဖိနပ်စက်ရုံ(ကျောက်ဆည်)
၉း၂၅	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ကျေးပင်အက်ရေလှောင်တမံ
၁၀း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	ဘောလုံးသမားဘက်ခမ်း
၁၁း၀၀	အပိတ်

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မနက်ဖြန် ချိန်မဆွဲ

* ဒို့တာဝန်အရေးသုံးပါး
အလေးထားလုပ်နေတာ
သူ့ပြည်ရွာခိုကပ်ရင်း
သူ့ထမင်းမျက်နှာကြည့်
ကိုယ့်ဇာတိကိုယ်ပြန်
ဖျက်ဆီးရန်သည်အရေး
တွေးကြဖွဲ့လာ။

* ကိုယ့်ဇာတိ ကိုယ့်ပြည်ရွာ
မြဲမခွာအခြေချကာပ
တိုးတက်ရာစဉ်ကြဆသူတို့
နှိုးဆွသည့်ပုံသဏ္ဌာန်
ဒေါမာန်နှင့်စုရုံး၊
အဖျက်ရန်မှန်သမျှကိုလ
လက်မခံတူလက်တွဲပါလို့
မနက်ဖြန်ချိန်မဆွဲ
ရဲရဲချေမှုန်း။ ။

ဖိုးဝ

ဆုချီးမြှင့်

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းစွမ်းဆောင်မှု အကောင်းဆုံးမြို့နယ်များနှင့် ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၄ခုနှစ် မိုးစပါးချေးငွေ လုပ်ငန်းစွမ်းဆောင်မှု အကောင်းဆုံးဆုရ မြို့နယ်များအား မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မှားယွင်းစွာထားခဲ့တဲ့ လူမျိုးရေးအမြင်ကျဉ်းမြောင်းသည့် စိတ်ဓာတ်နှင့် သံသယစိတ်များကင်းစင် မည်သူ့တိုက်တွန်းချက်မှမပါဘဲ နှစ်ပေါင်းများစွာ စွဲကိုင်လာခဲ့တဲ့ လက်နက်ကို အပြီးအပိုင်အပ်နှံ ဒေသခံ ပြည်သူများ ဝမ်းသာကြည်နူးမှုများ ဖြစ်ပေါ်ခံစားနေတာကို မကြုံဖူးအောင် တွေ့မြင်ခဲ့ရ

ရန်ကုန် ဧပြီ ၂၉

ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်းအနားတွင် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင်ဥက္ကဋ္ဌ ဦးအိုက်မုန်းပြောကြားသည့် ကျေးဇူးတင်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကြွရောက်လာကြတဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနဲ့ တိုင်းရင်းသား ညီအစ်ကို အပေါင်းတို့ခင်ဗျာ။

ကျွန်တော်ကတော့ PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ခေါင်းဆောင် ဦးအိုက်မုန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့ဟာ ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့မှာ ဥပဒေ ဘောင်အတွင်း ဝင်ရောက်ခဲ့သော အဖွဲ့ဖြစ်ပါတယ်။

PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင်ဥက္ကဋ္ဌ ဦးအိုက်မုန်းက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်လဲလှယ်အပ်နှံသည့်အကြောင်းနှင့် ရည်ရွယ်ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားစဉ်။ (သတင်းစဉ်)

အပြီးအပိုင်လဲလှယ်

ဒီကနေ့ ကျွန်တော်တို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇) PSLA ငြိမ်းချမ်းရေးအဖွဲ့ဟာ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်ထောင်စုမြန်မာ နိုင်ငံတော်နှင့် တပ်မတော်အစိုးရအပေါ် ခိုင်မာလေးနက်စွာ အားထားယုံကြည်ပြီးဖြစ်သည့်အလျောက် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို အစဉ်စောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ချ၍ ငြိမ်းချမ်းရေးနှင့် လက်နက်အား အပြီးအပိုင်လဲလှယ်ပြီး ထာဝရငြိမ်းချမ်းရေးကို စိုက်ထူတဲ့အခမ်းအနားဖြစ်ပါတယ်။

ရှေးယခင်တုန်းက ကျွန်တော်တို့ ပလောင်တိုင်းရင်းသား များနေထိုင်ရာ နယ်မြေဒေသအတွင်းမှာ လက်နက်ကိုင် အင်အားစုများ အားပြိုင်လွှမ်းမိုးနေပြီး ကွဲကွဲပြားပြားရှိနေသော လက်နက်ကိုင်အင်အားစုများအောက်တွင် ကျွန်တော်တို့ ပလောင်တိုင်းရင်းသားများဟာ စုစည်းနေထိုင်နိုင်ခြင်း မရှိတော့ဘဲ ဘဝလုံခြုံမှုနဲ့ နယ်မြေအေးချမ်းတည်ငြိမ်မှု ပျက်ပြား၍ အတိဒုက္ခကြီးစွာ တွေ့ကြုံခံစားလာခဲ့ရပါတယ်။

စတင်ဖွဲ့စည်း

ပလောင်တိုင်းရင်းသားများရဲ့ဘဝနဲ့ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ဖို့၊ စည်းလုံးညီညွတ်မှုရရှိစေဖို့ ဦးဆောင်ပေးနိုင်မယ့် အဖွဲ့အစည်းအဖြစ် ၁၉၆၃ခုနှစ်မှာ ပလောင်အမျိုးသားတပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာ ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပလောင်ဒေသအတွင်း လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ပါတယ်။

၁၉၈၈ခုနှစ်မှာ ပြောင်းလဲလာခဲ့တဲ့ မြန်မာနိုင်ငံရေး အခြေအနေများနဲ့အတူ လက်နက်ကိုင် အင်အားစုများအတွင်း ပြောင်းလဲမှုများ ဖြစ်ပေါ်နေချိန်တွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဟူသော တပ်မတော်အစိုးရ၏ မှန်ကန် ဖြူစင်သောစိတ်ရင်းစေတနာတို့ကြောင့် အကြိမ်ကြိမ် တွေ့ကြုံ ညှိနှိုင်းဆွေးနွေးခဲ့ပြီး သဘောတူညီမှုနှင့် ငြိမ်းချမ်းရေးကို ရယူတည်ဆောက်နိုင်ခဲ့ပါတယ်။

ထောက်ပံ့ကူညီ

၁၉၉၃ခုနှစ်မှ ၂၀၀၄ခုနှစ်ကာလအတွင်းမှာ နိုင်ငံတော် အစိုးရ၏ ထောက်ပံ့ကူညီသောရန်ပုံငွေများဖြင့် ဒေသခံ မိဘပြည်သူတို့ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းလုပ်ဆောင်ခဲ့ရာမှာ ဒေသအတွင်းမြေသားလမ်း ၃၅၁မိုင်၊ ကျပ်သန်းပေါင်း ၂၁၄ ဒသမ ၇၃ သန်း၊ လမ်းများပြုပြင်ထိန်းသိမ်းခြင်း၊ ၁၅၈မိုင်၊ ၁၄ဒသမ ၈၁သန်း၊ ဆေးပေးခန်း ၂၆ခု၊ ၁၉ ဒသမ ၉၁သန်း၊ ပညာရေးလုပ်ငန်း အမက ၂၄ကျောင်း၊ တွဲဖက် အလက ၂၆ကျောင်း၊ အထက တစ်ကျောင်း၊ ပညာရေးဝန်ထမ်းများ ပံ့ပိုးကူညီမှု ကျပ် ၇၃ ဒသမ ၇၄ သန်း၊ စိုက်ပျိုးရေးလုပ်ငန်း နှစ်တို/နှစ်ရှည် သီးနှံဧက ၂၃၀၊ ကျပ်၈ဒသမ ၄ သန်း၊ ရေအားလျှပ်စစ် ၁၆ ဒသမ ၆၇ သန်း၊ သာသနာရေးလုပ်ငန်း စေတီခြောက်ဆူ၊ ဥပုသ်ဇရပ်လေးဆောင်၊ သိမ်တစ်ဆောင်၊ ကျပ် ၁၆ ဒသမ ၈၇ သန်း၊ စက်ရုံလုပ်ငန်းအတွက် ၁၂၆ ဒသမ ၉ သန်း စုစုပေါင်းကျပ် ၄၉၃ ဒသမ ၀၈ သန်း ဖွံ့ဖြိုးရေးလုပ်ငန်း အတွက် နိုင်ငံတော်၏ အထောက်အပံ့များနှင့်အတူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ပလောင်တိုင်းရင်းသားများဟာ အမျိုးအနွယ်၊ နယ်မြေဒေသ ဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရာအစဉ်အလာ၊ ယုံကြည်ကိုးကွယ်မှု၊ ဘာသာတရား၊ စာပေယဉ်ကျေးမှု၊ ရိုးရာသုခုမအနုပညာ၊သဘင်ဂီတ အသက်မွေးဝမ်းကျောင်းပြုမှု၊ လူမှုဆက်ဆံရေးတရား၊ စီရင်ထုံးဓလေ့တွေကို အမျိုးသား ဂုဏ်အင်္ဂါလက္ခဏာအဖြစ် အစဉ်စောင့်ထိန်းသလို ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားမျိုးနွယ်စုအားလုံး မြန်မာနိုင်ငံအနှံ့ နေရာဒေသတိုင်းမှာ အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့တဲ့ ပကတိဘဝအမှန်နဲ့ အဲဒီပကတိဘဝအမှန်က ပေါက်ဖွားလာတဲ့ ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များကိုလည်း ထိန်းသိမ်းပြီး ပိုမိုရှင်သန်မြင့်မားအောင် ကြိုးစားသွားကြရမှာ ဖြစ်ပါတယ်။

အလေးအနက်ထားခံယူ

ယခုလို လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်ခြင်းဟာ နောင်အနာဂတ်ကာလများတွင် ကျွန်တော်တို့ တစ်တွေရဲ့ နောင်လာနောက်သား သားစဉ်မြေးဆက်ကို ကောင်းမွေတွေပေးထားနိုင်စေဖို့၊ ကောင်းကျိုးချမ်းသာတွေ ဖြစ်ထွန်းစေဖို့အတွက် ကြိုးပမ်းလုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့အစည်းဟာ နိုင်ငံတော်ရဲ့စစ်မှန်တဲ့သဘောထားကိုလက်ခံပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်နှင့် လက်တွဲဆောင်ရွက်နေသည့် အခြား တိုင်းရင်းသား အဖွဲ့အစည်းများနှင့်အတူ ယခင်ကတည်းက ကျင့်သုံးလာခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒ သဘောထားကို အလေးအနက်ထား ခံယူယုံကြည်မိပါတယ်။

အနာဂတ် နိုင်ငံတော်သစ် ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရမှ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အလေး အနက်ယုံကြည်၍ အောင်မြင်ပြီးမြောက်သည်အထိ ဒေသခံ တိုင်းရင်းသားများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သန္နိဋ္ဌာန်ချ

မကြာမီကာလအတွင်းက ကျွန်တော်တို့လိုပဲ လက်နက် စွဲကိုင်တဲ့လမ်းစဉ်ကိုစွန့်ပြီး SSNA တပ်မဟာ(၁၁) ဦးကန်န ဦးဆောင်တဲ့အဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ခဲ့သည့် အခမ်းအနားတက်ရောက်ခဲ့ပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ PSLA အဖွဲ့အနေဖြင့် လက်နက်များအား နိုင်ငံတော်သို့ အပြီးအပိုင်စွန့်လွှတ်အပ်နှံရန် သန္နိဋ္ဌာန်ချ ဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီလိုဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ကျွန်တော်တို့ တပ်ဖွဲ့ဝင် များ အသေးစိတ်ညှိနှိုင်းခဲ့ပြီး တိုင်းမှူးကြီးထံ သတင်းပို့ တင်ပြခဲ့ပါတယ်၊ တစ်ချိန်ကမှားယွင်းစွာထားခဲ့တဲ့ လူမျိုးရေး အမြင်ကျဉ်းမြောင်းတဲ့စိတ်ဓာတ်နဲ့ သံသယစိတ်တွေ ကင်းစင်လာပြီး မည်သူ့တိုက်တွန်းချက်မှမပါဘဲ ၁၉၇၁ ခုနှစ်မှစတင်ပြီး နှစ်ပေါင်းများစွာစွဲကိုင်လာခဲ့တဲ့ လက်နက်ကို အပြီးအပိုင် နိုင်ငံတော်အစိုးရထံ အပ်နှံခြင်းဖြစ်ပါတယ်၊ ရှေ့လျှောက်ပြီး ကျွန်တော်တို့ဟာ ဒေသခံတိုင်းရင်းသား တစ်ဦးအနေဖြင့် နိုင်ငံတော်ရဲ့ မေတ္တာ၊ စေတနာကိုခံစားရင်း ဥပဒေဘောင်အတွင်းမှာ နေထိုင်သွားကြဖို့ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

ဒီနယ်မြေဟာ တစ်ချိန်က တိုက်ပွဲခေါ်သံတွေနဲ့ ပြည်သူ တွေ သေကြေဒဏ်ရာရကာ စည်းစိမ်ဥစ္စာတွေ ပျက်စီး ဆုံးရှုံးပြီး အမှောင်ဖုံးလွှမ်းခဲ့ရာကနေ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ကျွန်တော် တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ခြင်းဖြင့် လင်းရောင် ခြည် သန်းခဲ့ရာက ယခုလို ကျွန်တော်တို့အပြီးအပိုင် လက်နက်များ အပ်နှံလိုက်ခြင်းဖြင့် တိမ်ကင်းစင်သော လမင်းကြီး၏ အေးမြသော အလင်းရောင်ကို ရှင်းရှင်း လင်းလင်း ပြည့်ပြည့်ဝဝ ရရှိခဲ့ပြီးဖြစ်ပါတယ်။

လှိုက်လှဲစွာကြိုဆို

ဒေသခံလူထုအားလုံးကလည်း ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို ဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုကြပါတယ်။ ကျွန်တော်တို့အားလုံးနဲ့ထပ်တူ ဒီဒေသမှာနေကြတဲ့ တိုင်းရင်းသားညီအစ်ကိုအားလုံး အေးမြတဲ့မေတ္တာရိပ်ကို ရရှိခံစားနိုင်ကြမှာဖြစ်ပါတယ်၊ နောင်ဘယ်တော့မှလည်း ပြည်သူလူထုအပေါ် ဝန်ထုပ်၊ ဝန်ပိုးဖြစ်စေမယ့်လုပ်ရပ်များ မဖြစ်စေရေးအတွက် တပ်ဖွဲ့ဝင်များအားလုံးကိုယ်စား ကတိပြု ပြောကြားအပ်ပါတယ်၊ ကျွန်တော်တို့အဖွဲ့ လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင် စွန့်လွှတ်လဲလှယ်မှုကြောင့် ဒေသခံ ပြည်သူများအနေဖြင့် ဝမ်းသာမှု၊ ကြည်နူးမှုများ ဖြစ်ပေါ်ခံစား နေတာကို မကြုံဖူးလောက်အောင် တွေ့မြင်ခဲ့ရပါတယ်။

တစ်ဆက်တည်းမှာပဲ ထာဝရငြိမ်းချမ်းရေး ရယူတည် ဆောက်နိုင်ဖို့အတွက် ကျွန်တော်တို့လိုပဲ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး အကြောင်းအမျိုးမျိုး၊ အစွဲအလမ်းအမျိုးမျိုးနဲ့ လက်နက်စွဲကိုင်နေကြတဲ့ ညီအစ်ကိုအဖွဲ့အစည်း အားလုံး ကိုလည်း ကျွန်တော်တို့လို လမ်းကြောင်းမှန်ပေါ် ရောက်ရှိ စေဖို့နဲ့ ပြည်သူလူထုအပေါ် မေတ္တာစေတနာအပြည့်အဝ ဖြင့် လက်နက်စွဲကိုင်ထားရတဲ့ သံသယစိတ်တွေပယ်ဖျက်ပြီး ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခြင်းအား ဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူလူထုအပေါ် အလုပ်အကျွေးပြုသွားကြဖို့ တိုက်တွန်းပြောကြားလိုပါ တယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော် တို့ လက်နက်စွဲကိုင်ထားသရွေ့ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ထောက်ခံမှုကို အမှန်တကယ် မရနိုင်ပါဘူး၊ ကျွန်တော်တို့ ညီအစ်ကို လက်နက်ကိုင်အဖွဲ့အစည်းတွေ အနေနဲ့ ပြည်သူတွေကို အမှန်တကယ် ချစ်မြတ်နိုးတယ်၊ ပြည်သူတွေ၊ တိုင်းရင်းသားလူမျိုးစုတွေရဲ့ အကျိုးကို အမှန်တကယ် လိုလားတယ်ဆိုရင် ပြည်သူတွေကို စိုးရိမ် ကြောက်လန့်စိတ်တွေသာ ဖြစ်ပေါ်စေနေတဲ့ လက်နက် တွေကို အပြီးအပိုင်စွန့်လွှတ်အပ်နှံကြပြီး ပြည်သူတွေ အမှန်တကယ် လိုလားတောင့်တမျှော်လင့်နေကြတဲ့ ထာဝရ ငြိမ်းချမ်းရေးကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဖော်ဆောင် ပေးကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါ တယ်။ (သတင်းစဉ်)

အနာဂတ် နိုင်ငံတော်သစ် ဖြစ်ထွန်းလာရေး

အနာဂတ် နိုင်ငံတော်သစ် ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရမှ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အလေးအနက်ယုံကြည်၍ အောင်မြင်ပြီးမြောက် သည်အထိ ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက် သွားမည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၄–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၀ ၆။ တေးသရုပ်ဖော်အစီအစဉ်
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၂၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းမေတ္တာ"(အပိုင်း–၃၀)**
- ၁:၅၅ ၆။ **"အရိပ်အကဲ" (ကိုကိုလင်းမောင်၊ မို့မို့မြင့်အောင်၊အောင်ခိုင်) (ဒါရိုက်တာ–မောင်နှင်းမိုး)**
- ၂:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၄၅ ၈။ International News.
- ၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၅:၀၀ ၅။ နှားဝင်ပီယံသူ့လက်သံ
- ၅:၁၀ ၆။ မြန်မာစာ၊မြန်မာစကား
- ၅:၂၅ ၇။ တေးဂီတအစီအစဉ်
- ၅:၄၀ ၈။ **"ကောင်းခြင်းဝေဖြာ" (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊မင်းသူ၊ မြင့်မြင့်ခိုင်၊ခင်မို့မို့အေး၊ ချစ်စနိုး‌ဦး) (ဒါရိုက်တာ–ကိုအောင်မိုး(ပဲရစ်)**
- ၅:၅၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၂၅ ၁၁။ Discovery
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း–၁၇)**
- ၇:၂၀ ၁၅။ အေးသာယာဝိုင်စပျစ်ခြံ
- ၇:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၇။ ထည်ဝါတင့်ဆန်းစပ်မျိုးသစ်ခွပန်း
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၃၆)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရရဲ့ မှန်ကန်ဖြူစင်တဲ့စေတနာနဲ့ဆောင်ရွက်ချက်များ ကိုယ်တိုင်ထိတွေ့ခံစားခဲ့ရ

PSLA အဖွဲ့ရဲ့ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်တဲ့ အခမ်းအနားကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ပါဝင်ဆောင်ရွက်ခဲ့

ရန်ကုန် ဧပြီ ၂၉

ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်ပြောကြားသည့် ကျေးဇူးတင်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်ပါတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နိုင်ငံတော်အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနဲ့ ဒေသခံတိုင်းရင်းသား ညီအစ်ကိုများ ခင်ဗျား။

လက်နက်စွဲကိုင်ခဲ့

ကျွန်တော်ကတော့ PSLA ပလောင်လွတ်မြောက်ရေးတပ်မှ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်ဖြစ်ပါတယ်။ ကျွန်တော်ဟာ ပလောင်တိုင်းရင်းသားဖြစ်ပြီး ပလောင်ဒေသမှာရှိတဲ့ ညီအစ်ကို ပလောင်တိုင်းရင်းသားများရဲ့ အကျိုးကို ကာကွယ်စောင့်ရှောက်ဖို့ရည်ရွယ်ချက်နဲ့ လက်နက်စွဲကိုင်ခဲ့သူဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ၊ တပ်မတော်အစိုးရလက်ထက်မှာ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့ဟာ ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားများရဲ့အကျိုးနဲ့ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မယ်ဆိုပြီး ဥပဒေဘောင်အတွင်းကို ဝင်ရောက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော်လည်း ကျွန်တော်တို့ ကိုင်စွဲထားတဲ့ လက်နက်တွေကို အပြီးတိုင်စွန့်လွှတ်ခြင်းမရှိသေးဘဲ ယုံကြည်မှုတည်ဆောက်ရေးဆိုတဲ့ ကာလတစ်ခုကို ဆယ်စုနှစ်တစ်စုကျော် သံသယစိတ်နဲ့ ကျော်ဖြတ်လာခဲ့ကြပါတယ်။

ဒီကာလအတွင်းမှာ နိုင်ငံတော်အစိုးရရဲ့ မြန်မာတစ်နိုင်ငံလုံး အကြားအလပ်မရှိ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရအောင် မှန်ကန်ဖြူစင်တဲ့ စေတနာနဲ့ ဆောင်ရွက်ချက်တွေကို ကျွန်တော်တို့ဟာ နေ့စဉ်နဲ့အမျှ ကြားမြင်သိရှိခဲ့ကြရပြီး ကိုယ်တိုင်လည်း ထိတွေ့ခံစားခဲ့ကြရပါတယ်။

အဟန့်အတားဖြစ်

ကျွန်တော်တို့ ပလောင်ဒေသဟာ အရင်ကာလများကထက်စာရင် လမ်းပန်းဆက်သွယ်ရေးကအစ ဖွံ့ဖြိုးတိုးတက်မှုတွေရရှိခဲ့တာ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီတိုးတက်ဖွံ့ဖြိုးမှုလမ်းကြောင်းဟာ ကျွန်တော်တို့အဖွဲ့ရဲ့ ကိုင်စွဲနေသေးတဲ့ လက်နက်တွေကြောင့် ဝန်ထုပ်ဝန်ပိုး အဟန့်အတားတစ်ခုလိုဖြစ်နေခဲ့ပါတယ်။

လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေရဲ့ စားဝတ်နေမှုနဲ့ အခြားလိုအပ်ချက်တွေအပေါ် ကျွန်တော်တို့ ဘယ်လိုဖြည့်ဆည်းနေသလဲ၊ အတိုဆုံးနဲ့ အရှင်းဆုံးပြောရရင် ကျွန်တော်တို့ ပလောင်ဒေသ တိုင်းရင်းသားများထံကပဲ အခွန်အကောက်မျိုးစုံကို ကောက်ခံတောင်းယူ သုံးစွဲခဲ့ကြရပါတယ်။

ဆင်ခြင်တွေးတောမိ

ဒီအတွက် ဒေသခံတိုင်းရင်းသားတွေရင်ထဲမှာ ကျေနပ်ကြရဲ့လား၊ ကျွန်တော်တို့ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေဟာ ထင်သလောက် ခရီးရောက်ရဲ့လား။ ကျွန်တော်တို့ မူလရည်မှန်းခဲ့ကြတဲ့ ပလောင်တိုင်းရင်းသားတွေရဲ့ အကျိုးကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းကာကွယ်ပေးနိုင်ခဲ့ပြီလား။ ဒီလိုအတွေးမျိုးကို ကျွန်တော်တို့ PSLA ခေါင်းဆောင်ပိုင်းအနေနဲ့ ဆင်ခြင်တွေးတောမိလာကြပါတယ်။

PSLA ပလောင် လွတ်မြောက်ရေး တပ်ဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်က ၎င်းတို့ တစည်း တလုံးတည်း လက်နက်များ အပြီး အပိုင် စွန့် လွှတ် အပ် နှံပြီး အပြည့် အဝ ငြိမ်း ချမ်း ရေး နှင့် လဲ လှယ် ရ ခြင်း အကြောင်းရင်းနှင့် ကျေးဇူးတင် စကား ပြောကြားစဉ်။
(သတင်းစဉ်)

ကျွန်တော်တို့ရဲ့ ပလောင်တိုင်းရင်းသားတွေဟာ အလွန်ရိုးသား ဖြူစင်သူတွေ ဖြစ်ကြပါတယ်။ မိမိတို့ ရိုးသားစွာ ကိုယ့်ခွန်၊ ကိုယ့်အားနဲ့ အရင်းပြု ရှာဖွေလို့ရခဲ့ကြတဲ့ ကောက်ပဲသီးနှံကအစ အခွန်အကောက် ဆက်ကြေးမျိုးစုံ ပေးနေကြရသော်လည်း ရင်ထဲကမကျေနပ်မှုတွေကို ရဲရဲဝံ့ဝံ့ ကျယ်ကျယ်လောင်လောင် ဖွင့်ဟမပြောဝံ့ခဲ့ကြပါဘူး။

ဒါပေမယ့် ကျွန်တော်တို့တစ်တွေဟာ ဒေသခံလူထုကြားမှာ နေထိုင်ကြသူတွေဖြစ်တော့ သူတို့ရဲ့ရင်တွင်းက အသံတွေကို အမှန်ပဲကြားခဲ့ကြပါတယ်။ သိနေကြပါတယ်။

ဒီလိုကိုယ့်ပြည်သူတွေရဲ့ ရင်ထဲကအသံတွေကြောင့် ကျွန်တော်တို့ ကိုင်စွဲခဲ့ကြတဲ့ လက်နက်တွေရဲ့ ဝန်ထုပ်ဝန်ပိုးဟာ ကိုယ့်တိုင်းရင်းသားတွေအပေါ်မှာပဲ ပြန်လည် ဖိစီးသလိုဖြစ်နေတာကို ကျွန်တော်တို့ မှန်ကန်စွာ သုံးသပ်ဆင်ခြင်မိလာကြပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင်ပိုင်းက သဘောပေါက်သလို တပ်ဖွဲ့ဝင်တွေကလည်း သဘောပေါက်ကြပါတယ်။

တိုင်းရင်းသားညီအစ်ကိုများခင်ဗျား-

ဒါကြောင့် ဒီနေ့ကျင်းပပြုလုပ်တဲ့ ကျွန်တော်တို့ PSLA အဖွဲ့ရဲ့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်တဲ့အခမ်းအနားကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့သမိုင်းမှာ မှတ်တိုင်တစ်ခုအဖြစ် ကျွန်တော်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

ဒီအတွက်ကျွန်တော်တို့ရဲ့ရင်ထဲမှာဝမ်းသာကြည်နူးကြရပါတယ်။ ကျွန်တော်တို့ ပလောင်တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါင်းကို နိုင်ငံတော်အစိုးရရဲ့ ဥပဒေရင်ခွင်အောက်မှာ ကျွန်တော်တို့အားလုံး မျှမျှတတအပြည့်အဝ ခံစားကြရတော့မှာဖြစ်ပါတယ်။

စွန့်လွှတ်ချိန်တန်

ကျွန်တော်တို့အဖွဲ့လို ကျန်လက်နက်စွဲကိုင်လျက်ရှိနေကြသေးတဲ့ အဖွဲ့များအနေနဲ့လည်း အကြောင်းအမျိုးမျိုးပြပြီး မိမိတို့ စွဲကိုင်နေကြသေးတဲ့ လက်နက်တွေဟာ ပြည်သူအတွက် ကောင်းကျိုးမပြုဘဲ အန္တရာယ်ပြုခြိမ်းခြောက်ပြီး ဆက်ကြေးအခွန်ကောက်ဖို့အတွက်သာ အမှန်တကယ် အသုံးဝင်တော့တာကို သိမြင်ကြဖို့လိုပါပြီ။ ကိုယ့်တိုင်းရင်းသားတွေနဲ့ ကိုယ့်ဒေသအကျိုးကို အမှန်တကယ် သယ်ပိုးချင်တယ်ဆိုရင် ကိုင်စွဲနေသေးတဲ့ လက်နက်တွေကို အပြီးအပိုင် စွန့်လွှတ်ချိန်တန်ပါပြီ။

တစ်ချိန်က နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်တွေထားရှိခဲ့တာကို ပြန်လည်သုံးသပ်ပြီး ကိုယ့်တိုင်းရင်းသားတွေရဲ့ရင်ထဲက အသံတွေကို ကြည်ကြည်လင်လင်ကြားရအောင် နားထောင်ကြည့်ကြပါ။ အခုလက်ရှိ မျိုးဆက် တိုင်းရင်းသားတွေအပေါ်မှာရော နောင်သားစဉ်မြေးဆက်တွေအပေါ်မှာပါ တာဝန်ကျေတဲ့ သားကောင်းတွေဖြစ်ဖို့ ကျွန်တော်တို့အားလုံး လက်နက်တွေအပြီးအပိုင်စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ပြည်သူတွေနဲ့တစ်သားတည်း လက်တွဲနေထိုင်သွားကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ (သတင်းစဉ်)

အပြီးအပိုင် စွန့်လွှတ်ချိန်တန်

ကျန်လက်နက်စွဲကိုင်လျက် ရှိနေကြသေးတဲ့ အဖွဲ့ များအနေနဲ့လည်း အကြောင်းအမျိုးမျိုးပြပြီး မိမိတို့ စွဲကိုင်နေကြသေးတဲ့ လက်နက်တွေဟာ ပြည်သူအတွက် ကောင်းကျိုးမပြုဘဲ အန္တရာယ်ပြုခြိမ်းခြောက်ပြီး ဆက်ကြေး အခွန်ကောက်ဖို့ အတွက်သာ အမှန်တကယ် အသုံးဝင်တော့တာ ကို သိမြင်ကြဖို့လိုပါပြီ။

ကိုယ့်တိုင်းရင်းသားတွေနဲ့ ကိုယ့်ဒေသအကျိုးကို အမှန်တကယ် သယ်ပိုးချင်တယ်ဆိုရင် ကိုင်စွဲနေသေးတဲ့ လက်နက်တွေကို အပြီးအပိုင် စွန့်လွှတ်ချိန် တန်ပါပြီ။

ထောက်ပံ့သည့်ပစ္စည်းများ

PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့အတွက် နိုင်ငံတော်က ထောက်ပံ့သည့် အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

၁၉၉၁ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် PSLA လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၊ တပ်ရင်းမှူးအဆင့်ရှိ ဦးအိုက်ဆာမ်၊ ဦးဟန်သိန်း၊ ဦးမောင်ပေ၊ ဦးပန်စိယနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ပြည်သူတွေအပေါ် ဝန်ထုပ်ဝန်ပိုး ဖိစီးနေတဲ့ အခွန်အခ ဆက်ကြေးပေးနေရတဲ့ဒုက္ခက ပြည်သူတွေ အမှန်တကယ် လွတ်မြောက်တော့မှာဖြစ်၍ ဝမ်းမြောက်ကြည်နူးမဆုံး ခံစားမိ

ရန်ကုန် ဧပြီ ၂၉

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ဒေသခံ တအောင်း ပလောင်တိုင်းရင်းသား ရပ်မိရပ်ဖ ဦးခွန်ပွင့် ပြောကြားသည့် ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်းဖြစ်သည်–

ဒေသခံ တအောင်း ပလောင်တိုင်းရင်းသား ရပ်မိရပ်ဖ ဦးခွန်ပွင့်က ဦးအိုက်မုန်းနှင့်အဖွဲ့အား ဒေသခံ တိုင်းရင်းသား ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် မန်တုံနှင့် နမ့်ဆန်ဒေသ အတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလား အလာအတွက် ဝမ်းမြောက် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ကြွရောက်လာကြတဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနဲ့ နယ်မြေခံပြည်သူလူထုများအားလုံး နှစ်သစ်မင်္ဂလာအခါသမယမှာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်က ဒေသခံတအောင်းပလောင်တိုင်းရင်းသား ဦးခွန်ပွင့်ဖြစ်ပါတယ်။

အခုလို ပလောင်လွတ်မြောက်ရေးအဖွဲ့ PSLA ရဲ့ လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့လုံးက ကိုင်ဆောင်ထားတဲ့ လက်နက်များအားလုံးကို ငြိမ်းချမ်းရေးအတွက် အစိုးရထံ အပြီးအပိုင်ခြွင်းချက်မရှိ အပ်နှံတဲ့အခမ်းအနားမှာ စကား ပြောခွင့်ရတဲ့အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒီလိုအခြေအနေမျိုးကို နှစ်ပေါင်းများစွာလိုလား တောင့်တခဲ့သော်လည်း ဖြစ်ပေါ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိပါဘူး။ ဘာပြုလို့လဲဆိုရင် လက်နက်ကိုင်ဆောင်ထားတဲ့ သောင်းကျန်းသူအဖွဲ့တွေဟာ ယခင်က ကျွန်တော်တို့နယ်မြေ ပလောင်ဒေသမှာ ပြည်သူလူထုထံမှ အခွန်အခ၊ ဆက်ကြေးများ ကောက်ခံစားသောက်နေခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ကျွန်တော်ရဲ့ အသက်နှင့် တမျှကာလကြာရှည်ခဲ့ပါပြီ။ ဒီလောက်ကြာပြီဆိုတော့ ဒီဒုက္ခကနေ လွတ်မြောက်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့ပါဘူး၊ ကျွန်တော့်တစ်သက်မက ကျွန်တော်က မွေးဖွားတဲ့ သားသမီးများတစ်သက် အဆက်ဆက် ခံစားနေရဦးမယ်လို့ စိတ်မကောင်းစွာနဲ့ဘဲ ဒီဒုက္ခတွေကို လက်ခံနေခဲ့ရပါတယ်။

ဆက်ကြေးဆိုရင်လည်း အမျိုးမျိုးပါပဲ။ လယ်ပိုင်ဆိုင်မှုအရ ဆန်ပေးရတာကလည်း အိမ်ထောင်စုတစ်စုဟာ တစ်နှစ်ကို ဆန်တစ်တင်းခွဲ၊ နှစ်တင်းကနေ ခြောက်တင်း ခုနစ်တင်းအထိ ပေးရပါတယ်။ ကျွန်တော်တို့ တောင်ပေါ်တိုင်းရင်းသား တအောင်း ပလောင်တွေဟာ လယ်များများ ပိုင်ဆိုင်မှု မရှိပါဘူး။ လယ်မပိုင်တဲ့သူတွေဖြစ်တဲ့အတွက် တောင်ယာကို ပင်ပန်းကြီးစွာ တောခုတ်ရှင်းလင်းပြီး စိုက်ပျိုးရပါတယ်။ တစ်နှစ်လုံးစိုက်လို့ ဝမ်းစာရတာ မရတာ၊ လုံလောက်မှုရှိတာ မရှိတာ ဂရုမစိုက်ပါဘူး၊ သူတို့အတွက်ကတော့ သတ်မှတ်ထားတဲ့အတိုင်း ဆန်တွေကိုပေးရပါတယ်။

လက်ဖက်ဆိုရင်လည်း ရရှိတဲ့အပေါ်မူတည်ပြီး တစ်နှစ်ကို တစ်ပိဿာရရင် ငါးကျပ်နှုန်း ပေးရပါတယ်။ ဒီလက်ဖက်ပင်တွေ၊ လယ်ကွက်တွေ၊ တောင်ယာတွေဟာ လက်နက်ကိုင် သောင်းကျန်းသူတွေက ဖော်ထုတ်စိုက်ပျိုးထားတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အဘိုး၊ အဘွားတွေရဲ့ ချွေးသွေးတွေနဲ့ ဖော်ထုတ်စိုက်ပျိုးပေးခဲ့တဲ့ အမွေတွေ ဖြစ်ပါတယ်။

ရာသီဥတု မိုးလေဝသကောင်းလို့ သီးနှံအထွက်နှုန်း ကောင်းလို့ ဝင်ငွေများများရပြီး ဒေသမှာသုံးစွဲဖို့ ထော်လာဂျီလေးတွေ ဝယ်ယူပိုင်ဆိုင်ရင်လည်း အခွန်အခ ပေးရတာပါပဲ၊ ထော်လာဂျီတစ်စီး ကျပ် ၅၀၀၀နဲ့ ကားတစ်စီး ကျပ် ၁၀၀၀၀ နှစ်စဉ် ပေးဆောင်ရပါတယ်။ ကိုယ့်လုပ်အားနဲ့ ကိုယ်လုပ်လို့ အပိုဝင်ငွေရရှိပြီး စီးပွားရေးတိုးတက်လာရင် တိုးတက်လာသလို ပိုင်ဆိုင်တဲ့ စီးပွားဥစ္စာပေါ် မူတည်ပြီး နှစ်စဉ်အခွန်အကောက် ဆက်ကြေးပေးနေရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ် တစ်ခွင်လုံးမှာလည်း လက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့အစည်းတိုင်းဟာ ကျွန်တော်တို့ တအောင်းပလောင်ဒေသတွေလိုပဲ လယ်ယာ၊ သီးနှံ၊ နွားနတ်၊ လိမ္မော်၊ တညင်း၊ လိုင်ချီးကအစထွက်သမျှ သီးနှံအပေါ်မှာ အနည်းဆုံး တစ်ပိဿာ ကျပ် ၂၀နှုန်း ကောက်ခံကြတာပါပဲ၊ ပိုင်ဆိုင်သမျှ ကျွဲ၊ နွား၊ လှည်းကအစ သွပ်မိုးအိမ်၊ ထော်လာဂျီ၊ မော်တော်ကား စတာတွေအပေါ် ကျပ် ၁၀၀၀မှအစ ကျပ် ၅၀၀၀အထိ ဆက်ကြေးကောက်ခံနေတာ ဖြစ်ပါတယ်။ ပြည်သူလူထုအတွက်တော့ အသက်တောင် ပြင်းပြင်း မရှူနိုင်လောက်အောင် မွန်းကျပ်နေခဲ့တာကြာခဲ့ရပါပြီ။

သွားချင်တိုင်းမသွားရ၊ စားချင်တိုင်း မစားရ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေဟာ တိုးတက်မလာဘဲ ကျဆင်းနေခဲ့တာ ကာလကြာရှည်ခဲ့ပြီဖြစ်ပါတယ်။ ၁၉၈၈–၁၉၉၀ ခုနှစ် နောက်ပိုင်းမှာတော့ တပ်မတော်အစိုးရလက်ထက်မှာ တိုက်ပွဲတွေ ဖြစ်ပွားမှုမရှိတော့ဘဲ လက်နက်ကိုင်သောင်းကျန်းသူတွေ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်အညီ နေထိုင်သွားပါမယ်လို့ ကြွေးကြော်သော်လည်း တိုက်ပွဲတွေမဖြစ်တော့တာကလွဲလို့ တိမ်ဖုံးနေတဲ့လပြည့်ညလို ပြည်သူတွေဘဝမှာ အခွန်အခ ဆက်ကြေးတွေကတော့ ပေးနေခဲ့ရဆဲပါပဲ။

ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြတဲ့ ပြည်သူလူထုအတွက် ပြည်သူလူထု လွတ်မြောက်ရေး၊ တိုးတက်ရေး ဆိုပြီး ကြွေးကြော်ခဲ့ကြတဲ့ လက်နက်ကိုင် သောင်းကျန်းသူတွေဟာ တကယ်တော့ ပြည်သူလူထုအတွက် မဟုတ်ဘဲ သူတို့အတွက် သူတို့လုပ်နေကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့ လွတ်မြောက်ရေးဟာ တကယ်တော့ လက်နက်ကိုင်သောင်းကျန်းသူများရဲ့ ဖိနှိပ်ချုပ်ချယ်မှု၊ ဝန်ထုပ်ဝန်ပိုးအောက်က လွတ်မြောက်ရေးသာ ကျွန်တော်တို့ လိုလားတောင့်တနေခဲ့ကြတာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ မေတ္တာ၊စေတနာကို ယုံကြည်ကိုးစားမှုရှိလာကြပြီး၊ ဦးအိုက်မုန်းခေါင်းဆောင်တဲ့ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်တွေအားလုံး လက်နက်နဲ့ ငြိမ်းချမ်းရေးအပြီးအပိုင် လဲလှယ်တော့မယ့် သတင်းကို ကြားသိရတဲ့အချိန်မှာ သာဓု အကြိမ်ကြိမ် ခေါ်ဆိုရင်း ဒီသတင်း မှန်ကန်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သခဲ့ရပါတယ်။

အခုတော့ ဒါတွေလက်တွေ့ဖြစ်လာခဲ့ပါပြီ။ ဒီနေ့ဆိုရင် ကျွန်တော်တို့ တအောင်းပလောင်ဒေသမှာ လက်နက်စွဲကိုင်ထားတဲ့ ပလောင်လွတ်မြောက်ရေးအဖွဲ့ဟာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တဲ့အဆင့်ကနေ စွဲကိုင်ထားတဲ့ လက်နက်တွေကို အပြီးအပိုင် အပ်နှံစွန့်လွှတ်လိုက်ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်သူတွေအပေါ် ဝန်ထုပ်ဝန်ပိုး ဖိစီးနေတဲ့ အခွန်အခ ဆက်ကြေးတွေပေးနေရတဲ့ ဒုက္ခက ပြည်သူတွေ အမှန်တကယ် လွတ်မြောက်တော့မှာဖြစ်တဲ့အတွက် ဝမ်းမြောက်ကြည်နူးမဆုံး ခံစားနေမိပါတယ်။

ကျွန်တော့်အနေနဲ့ အများပြည်သူလူထုကို ပြောလိုတာကတော့ ကျွန်တော်တို့ ဒေသအပါအဝင် မြန်မာပြည်တစ်လွှား သောင်းကျန်းသူတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေရှိတဲ့ဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေဟာ စောစောက ကျွန်တော်ပြောခဲ့ပြီးဖြစ်တဲ့ ဒုက္ခတွေကို ခံစားနေကြရတာဖြစ်ပါတယ်။ကျွန်တော်တို့ တိုင်းရင်းသူ၊ တိုင်းရင်းသား ဒေသခံလူမျိုးစုတွေရဲ့အကျိုးကို ကာကွယ်ဖို့၊ ကျွန်တော်တို့လွတ်မြောက်ဖို့လို့ ကြွေးကြော်နေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေက လက်တွေ့မှာ လူထုကို အမှန်တကယ် ဝန်ထုပ်ဝန်ပိုးပေးနေခဲ့ကြတာဖြစ်ပါတယ်။

အမှန်တကယ် ကျွန်တော်တို့ လူမျိုးစု၊ဒေသခံ တိုင်းရင်းသားတွေရဲ့ ခံစားနေရတဲ့ ဒုက္ခတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ဖိနှိပ်ခံနေရတဲ့ ဒုက္ခတွေ၊ ကိုယ်လုပ်ရတဲ့ ကိုယ့်ဝင်ငွေ၊ ကိုယ်စိုက်လို့ရတဲ့ ကိုယ့်သီးနှံတွေကို မစားရဘဲ ဆက်ကြေးအဖြစ် ခွဲဝေပေးနေရတဲ့ဒုက္ခက လွတ်မြောက်စေချင်ရင်တော့ လက်နက်ကိုင်ပြီး နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အဖွဲ့အစည်းတွေ၊ လက်နက်ကိုင်စွဲလျက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့အစည်းတွေဟာ ယနေ့ကျင်းပတဲ့ ပလောင်လွတ်မြောက်ရေးတပ် PSLA အဖွဲ့ကဲ့သို့ ကိုင်စွဲထားသော လက်နက်တွေကို ငြိမ်းချမ်းရေးနဲ့ အပြီးအပိုင် လဲလှယ်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး နေ့စဉ်နဲ့အမျှ လိုလား တောင့်တနေကြတဲ့ ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းမှန်ပေါ် တက်လှမ်းနိုင်ကြပါစေလို့ အလေးအနက် ဆန္ဒပြုမေတ္တာရပ်ခံအပ်ပါတယ်။

ဒီကနေ့ နမ့်ဆန်၊ မန်တုံဒေသမှ ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့က ဒေသနေပြည်သူများရဲ့ ထာဝရအကျိုးကို ရှေးရှုပြီး လက်နက်နှင့် ငြိမ်းချမ်းရေးအပြီးအပိုင် အပ်နှံလဲလှယ်နိုင်ခဲ့မှု အပေါ် ဒေသခံပြည်သူတစ်ရပ်လုံးနှင့် ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုလျက် ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

ထာဝရ ငြိမ်းချမ်းရေးလမ်းကြောင်းမှန်ပေါ် တက်လှမ်း

လက်နက်ကိုင်ပြီး နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အဖွဲ့အစည်းတွေ၊ လက်နက်ကိုင်စွဲလျက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့အစည်းတွေဟာ ယနေ့ကျင်းပတဲ့ ပလောင်လွတ်မြောက်ရေးတပ် PSLA အဖွဲ့ကဲ့သို့ ကိုင်စွဲထားသော လက်နက်တွေကို ငြိမ်းချမ်းရေးနဲ့ အပြီးအပိုင်လဲလှယ်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး နေ့စဉ်နဲ့အမျှ လိုလားတောင့်တနေကြတဲ့ ထာဝရငြိမ်းချမ်းရေး လမ်းကြောင်းမှန်ပေါ် တက်လှမ်းနိုင်ကြပါစေလို့ အလေးအနက်ဆန္ဒပြု။

၁၉၉၁ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် မန်တုံမြို့အားကစားကွင်း၌ ကျင်းပရာ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ကြသည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးနှင့် တပ်ဖွဲ့ဝင်များအား ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

DMA ရွှေရတု အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ ပူးတွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

စီမံအုပ်ချုပ်မှုဒီပလိုမာသင်တန်း (DMA) ရွှေရတု အထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနားကို မေ ၁ရက် ညနေ ၅ နာရီခွဲတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ် မြက်ခင်းပြင်၌ စတင်ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ည ၆ နာရီခွဲတွင် ညစာစားပွဲကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

ညစာစားပွဲလက်မှတ်များကို ဦးဝင်းမော် အမှတ်(၂၁) အာသာဝတီလမ်း အလုံ ဖုန်း–၀၉၅ ၀၀၂၃၅၉၊ ဦးမင်းမြတ်စိုး ၅၀၇/၁၂ ပြည်ရိပ်သာ၊ ကမာရွတ် ဖုန်း–၀၉၈၀ ၃၄၁၇၈၊ ဦးကျော်ဖြိုးလင်း PACE Computer ၁၂၅ သိမ်ဖြူလမ်း ဖုန်း–၂၀၃၀၈၂၊ ဦးသန်းထူး စီမံခန့်ခွဲမှုပညာဌာန လှိုင်နယ်မြေ ဖုန်း–၆၆၀၈၂၂၊ ဦးဝင်းမြင့် ဖုန်း–၂၂၁၄၃၀ တို့ထံ ဆက်သွယ်ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

ကိုယ့်ဒေသ၊ ကိုယ့်ပြည်သူ၊ ကိုယ့်တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်ရေး အပြောမဟုတ် အလုပ်နဲ့သက်သေပြ ပြည်သူလူထုကနေ့စဉ်နှင့်အမျှ လိုလားတောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ပေး

ရန်ကုန် ဧပြီ ၂၉

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ဒေသခံ တအောင်းပလောင်တိုင်းရင်းသူ မနန်းမြစိန်ပြောကြားသည့် ကျေးဇူးတင်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အကြီးအကဲများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန်တုံမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်ရှင့်။ ကျွန်မကတော့ ဒေသခံ တအောင်းပလောင်တိုင်းရင်းသူ နန်းမြစိန်ဖြစ်ပါတယ်ရှင်။ မန်တုံမြို့နယ် ပြည်သူ့ဆေးရုံမှာ အထက်တန်းသူနာပြုဆရာမတာဝန်ကို ထမ်းဆောင်နေပါတယ်။

ဝမ်းသာကြည်နူးမဆုံး

ဒီကနေ့ဟာ ကျွန်မတို့မန်တုံဒေသမှာ ဘေးဒုက္ခအန္တရာယ်ခပ်သိမ်းကင်းငြိမ်းပြီး အေးချမ်းသာယာ ငြိမ်းချမ်းလာသောနေ့ ဖြစ်ပါတယ်။ ယခုကျင်းပပြုလုပ်တဲ့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခမ်းအနားကြီးကို တက်ရောက်ပြီး ကျွန်မတို့ ဒေသခံတိုင်းရင်းသားတွေရဲ့ ဘဝသက်တမ်းတစ်လျှောက် တွေ့ကြုံခံစားခဲ့ရပြီး ရင်ထဲမှာမျိုသိပ်ထားခဲ့ရတဲ့စကားတွေကို ရင်ဖွင့်ပြောကြားခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမဆုံး ဖြစ်ရပါတယ်။

ငြိမ်းချမ်းရေးမရခင်ကာလ ကျွန်မတို့ ငယ်ငယ်တုန်းက မူလတန်း၊ အလယ်တန်း ပညာသင်နေစဉ်ကာလက ညရောက်လာမှာကို အရမ်းစိုးရိမ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညရောက်လို့ စာကျက်ဖို့ပြင်နေချိန်မှာ ဟိုဟိုဒီဒီက သေနတ်သံတွေ ကြားရတတ်ပါတယ်ရှင်။ စိုးတထိတ်ထိတ်နဲ့ စာကျက်ခဲ့ရသလို ကြောက်စိတ်ကိုမျိုသိပ်ပြီး အိပ်စက်ခဲ့ရပါတယ်။

စိုးရိမ်ပူပန်

ခရီးသွားပြန်တော့လဲ ဘယ်နေရာမှာ တိုက်ပွဲဖြစ်မလဲ၊ ဘယ်တောင်ကွေ့မှာသေနတ်ကိုင်တွေ ဘွားခနဲ ပေါ်လာမလဲဆိုတဲ့ စိုးရိမ်စိတ်က လွှမ်းမိုးပြီး တတ်သမျှ ဘုရားစာကိုသာ မျက်စိမှိတ်ပြီး ရွတ်ဖတ်လာရလို့ ပတ်ဝန်းကျင် သဘာဝ တောတောင်ရှုခင်းတွေကိုတောင်မှ ဂရုမထားနိုင်ခဲ့ပါဘူးရှင်။ ကျွန်မတို့ဒေသခံ လူငယ်တွေရဲ့ဘဝဟာ စိုးရိမ်ပူပန်မှုတွေကို ရင်ဝယ်ပိုက်ပြီး ကြီးပြင်းလာခဲ့ကြရပါတယ်။

ဥပဒေပြင်ပက လက်နက်ကိုင်တယ်ဆိုတာ ဘယ်သူကမှ မကြိုက်ကြပါဘူး၊ ဒီလိုဥပဒေပြင်ပက လက်နက်ကိုင်ထားတဲ့သူတွေကိုယ်တိုင် မိမိနှင့်ကျွမ်းဝင်သူတွေကို မေးကြည့်လိုက်ပါ။ ဥပဒေမဲ့ လက်နက်ကိုင်တာ မကြိုက်ဘူးလို့ဘဲ ဖြေမယ်ဆိုတာ ကျွန်မတထစ်ချ ယုံကြည်ပါတယ်ရှင်။

မိခင်တွေ၊ နှမသားချင်းတွေ၊ ဇနီးသည်တွေဆိုရင်လဲ မိတကွဲ၊ ဖတကွဲနဲ့ တောထဲမှာ လက်နက်ကိုင်နေရတဲ့ ငါ့သား၊ ငါ့မောင်၊ ငါ့ခင်ပွန်း ဘာများဖြစ်မလဲ၊ ဘာသတင်းများ ကြားရမလဲဆိုတာ အမြဲတမ်းစိုးရိမ်ပူပန်နေရပါတယ်။

၁၉၈၈ခုနှစ်မှာ တပ်မတော်အစိုးရက နိုင်ငံတော်ရဲ့တာဝန်ကိုယူလိုက်တဲ့အခါမှာ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပါဝင်လာခဲ့ကြတဲ့အတွက် ပြည်သူတစ်ဦးအနေနဲ့ ဝမ်းသာကြည်နူးရပါတယ်။

ဒေသခံ တအောင်းပလောင်တိုင်းရင်းသူ မနန်းမြစိန်က ဦးအိုက်မုန်းနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် မန်တုံနှင့် နမ့်ဆန်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာသင်ကြား

ကျွန်မတို့ ပလောင်ဒေသတွေလဲ ယခင်ကထက် တိုးတက်လာခဲ့ပါတယ်။ ယခင်က မူလတန်းကျောင်းတွေသာရှိပြီး၊ အလယ်တန်းနဲ့ အထက်တန်းပညာကို မိုင် ၃၀ ကျော်ဝေးတဲ့ နမ္မတူမှာ မိဘနှင့်ခွဲခွာပြီး ပညာသင်ကြားခဲ့ကြရပါတယ်။

ယခုဆိုရင် ရွာတိုင်းနီးပါးလောက် စာသင်ကျောင်းတွေ ဖွင့်လှစ်ပြီး၊ တိုင်းရင်းသားကလေးငယ်တွေ စာသင်နိုင်ကြပါပြီ။ မန်တုံမြို့မှာတွင် အထက်တန်းကျောင်းကြီးတစ်ကျောင်းရှိပြီး ဒေသခံပလောင်၊ ကချင်၊ ရှမ်း၊ ဗမာစတဲ့ တိုင်းရင်းသားလူငယ်တွေဟာ မြို့ကြီးတွေနဲ့မခြားပညာရင်နို့ သောက်စို့နေကြရပါပြီ။ ဒါဟာ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်ကိုခံစားရခြင်းပဲ ဖြစ်ပါတယ်ရှင်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာလည်း အရင်ကဆိုရင် မိုင် ၃၀ ကျော်သာဝေးတဲ့ မန်တုံကနေ နမ္မတူခရီးကို တစ်နေကုန် ခက်ခက်ခဲခဲသွားရပါတယ်။ မိုးမိတ်နဲ့ နမ့်ဆန်ကို မော်တော်ကားနဲ့သွားလို့ မရပါဘူး။ ခြေကျင်ပဲသွားခဲ့ကြရပါတယ်။

ဒေသထွက်ကုန် လက်ဖက်စို၊ လက်ဖက်ခြောက်တွေ၊ ကျွန်မတို့ စားဖို့ဆန်နဲ့ လူသုံးကုန်တွေကို ဝန်တင်လားတွေ၊ မြင်းတွေနဲ့ပဲ သယ်ယူပို့ဆောင်ခဲ့ကြရတယ် မဟုတ်ပါလားရှင်။

ပိုမိုတိုးတက်နေ

ဒီကနေ့မှာတော့ မန်တုံနဲ့ နမ္မတူကို သုံးနာရီလောက်နဲ့ ရောက်နိုင်သလို၊ မန်တုံ-မိုးမိတ်လမ်း၊ မန်တုံ- နမ့်ဆန်လမ်းတွေကိုလည်း ဖောက်လုပ်ပေးခဲ့တဲ့အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့နေပြီး သွားရေးလာရေး သယ်ယူပို့ဆောင်ရေးမှာ အဆင်ပြေ ပိုမိုတိုးတက်နေတာကို ခံစားနေရပါပြီရှင်။

ငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်တဲ့ လမင်းကြီးကတော့ ပေါ်ထွက်လာပါပြီ။ သို့သော် လမင်းကြီးကို တိမ်ဖုံးနေတဲ့အတွက် လရောင်ရဲ့အေးမြမှုကို ဒေသခံပြည်သူတွေအနေနဲ့ အပြည့်အဝ မခံစားရသေးပါဘူးရှင်။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်သော်လည်း သံသယစိတ်နဲ့ လက်နက်စွဲကိုင်နေသေးတဲ့ အဖွဲ့အစည်းများရှိနေလို့ပါပဲရှင်။

လက်နက်ကိုင်စွဲထားကြတဲ့ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးဟာ ကျေးရွာကြီးတွေမှာ လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေ တပ်စွဲထားကြသလို ရွာတိုင်းမှာလည်း တိုက်နယ်မှူး၊ အုပ်စုမှူးဆိုတဲ့ အမာခံတွေ မွေးမြူထားကြပါတယ်။

ဒေသခံပြည်သူတွေဆီကနေ လယ်ရှိရှိ၊ မရှိရှိ စပါး၊ လက်ဖက်သီးနှံနဲ့ ရာသီလိုက်သီးနှံအမျိုးမျိုးအတွက် အခွန်တွေကို ပေးနေကြရပါတယ်။ ထော်လာဂျီခွန်၊ ကား အခွန်အခတွေကို တောင်းခံနေဆဲရှိပါသေးတယ်။ စားနပ်ရိက္ခာအတွက် ဆန်တွေကိုလည်း ဒေသခံပြည်သူတွေကပဲ ထောက်ပံ့နေရပါသေးတယ်ရှင်။

ဒီလိုအခွန်အခတွေကို မိမိတို့မရှိမဲ့၊ ရှိမဲ့ ချွေးနည်းစာထဲက ဘယ်သူမှမပေးချင်ကြပေမယ့်လည်း လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အန္တရာယ်ပြုမှာကို စိုးကြောက်ပြီး ကြိတ်မှိတ်ပေးနေခဲ့ကြရပါတယ်။

နိုင်ငံတော်အစိုးရကိုလည်း တိုင်တန်းဝံ့သူရယ်လို့ မပေါ်ပေါက်ခဲ့သလို၊ နှစ်ပေါင်းများစွာ ငယ်ကြောက်ဖြစ်နေတာကြောင့် တိုးတိုးလေးတောင်မှ မညည်းရဲခဲ့ကြပါဘူး။

အခွန်အကောက် ဖိစီး

ဒီဒုက္ခတွေကို ဒေသခံပြည်သူတွေဟာ ခါးစည်းခံစားနေကြရပြီး ဥပဒေပြင်ပ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အခွန်အကောက် ဖိစီးမှုဒဏ်ကြောင့် ကိုယ်ရောစိတ်ပါ ထိခိုက်ခံစားနေကြရပါတယ်။

ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးတဲ့ဒေသက ပြည်သူတွေရဲ့ဘဝဟာ ငြိမ်းချမ်းပြီး၊ မိသားစုစိတ်ချမ်းမြေ့ ပျော်ရွှင်စွာနေကြရတာကို ကိုယ့်ဘဝနဲ့နှိုင်းယှဉ်ကြည့်မိတိုင်း သိမ်ငယ်ညှိုးနွမ်းစိတ်တွေ ဖြစ်ခဲ့ရပါတယ်။ ကိုယ့်ဇာတိမြေကို ချစ်တဲ့စိတ်ကြောင့်သာ ကြိတ်မှိတ်နေခဲ့ကြရတာ ဖြစ်ပါတယ်။

ဒီကနေ့မှာတော့ ဦးအိုက်မုန်း ခေါင်းဆောင်တဲ့ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်တွေဟာ သူတို့ကိုင်ဆောင်ထားတဲ့ လက်နက်အားလုံးကို စွန့်လွှတ်ပြီး၊ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ခဲ့ကြတဲ့အတွက် မန်တုံနဲ့ နမ့်ဆန်ဒေသနေ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ကိုယ်စား ပြောမပြနိုင်လောက်အောင် ဝမ်းသာကြည်နူးမိပါတယ်ရှင့်။

ဒေသခံ တိုင်းရင်းသားတွေ၊ မိဘပြည်သူတွေရဲ့ ခံစားနေရတဲ့ဘဝကို အမှန်အတိုင်း သိမြင်သဘောပေါက်ပြီး၊ နိုင်ငံတော်ရဲ့ မွန်မြတ်တဲ့စေတနာ၊ ပြည်သူတွေရဲ့ နွေးထွေးတဲ့ အကြင်နာနဲ့ ကြိုဆိုမှုကို ခံယူလာကြတဲ့ တာအိုက်မုန်းခေါင်းဆောင်သော PSLA တပ်ဖွဲ့ဝင်တွေအတွက် ဂုဏ်ယူဝမ်းမြောက်မိသလို၊ မန်တုံနဲ့ နမ့်ဆန်ဒေသတွေမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မယ့် အလားအလာကောင်းတွေအတွက်လည်း တာအိုက်မုန်းနဲ့ PSLA တပ်ဖွဲ့ဝင်တွေကို အထူးကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားလိုပါတယ်ရှင်။

ကျွန်မတို့ မန်တုံဒေသ၊ နမ့်ဆန်ဒေသက တိုင်းရင်းသားပြည်သူတွေကတော့ ကျွန်မတို့ပြည်သူတွေ ခံစားလိုတဲ့ ငြိမ်းချမ်းရေး အသီးအပွင့်အတွက် မှန်ကန်တဲ့ခံယူချက်၊ ပြတ်သားတဲ့ ယုံကြည်ချက်နဲ့ လမ်းမှန်ကိုရောက်ရှိလာကြပြီဖြစ်တဲ့ တာအိုက်မုန်းနဲ့ PSLA တပ်ဖွဲ့ဝင်တွေရဲ့ အမြော်အမြင်ကြီးမားစွာ လုပ်ဆောင်ချက်ကြောင့် နိုင်ငံတော်အစိုးရရဲ့ စောင့်ရှောက်မှု အရိပ်အာဝါသအောက်မှာ အေးမြချမ်းသာစွာနဲ့ စည်ပင်ဖွံ့ဖြိုးတိုးတက်လာတော့မှာကို ကြိုတင်မြင်ယောင်ရင်း ဝမ်းသာကြည်နူးမိပါတယ်။

အလားတူ သံသယစိတ်နဲ့ လက်နက်စွဲကိုင်နေဆဲဖြစ်တဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့ မိမိတို့ဒေသခံတိုင်းရင်းသားပြည်သူတွေရဲ့ စိတ်အေးချမ်းမြေ့စွာ နေထိုင်လိုမှုကို ထောက်ထားပြီး မိဘပြည်သူအားလုံးက လိုလားတောင့်တနေကြတဲ့ ထာဝရငြိမ်းချမ်းမှုကို ဝိုင်းဝန်းတည်ဆောက်ပေးကြပါလို့ ဒီနေရာကနေ အလေးအနက် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်ရှင့်။

လက်နက်ကိုင်လမ်းစဉ်ရဲ့ ဆိုးကျိုးတွေကို ပြည်သူတွေကလည်း သိမြင်လာကြပြီဖြစ်ပါတယ်။ ပြည်သူ့အကျိုး၊ ပြည်သူလူထုကို ကာကွယ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ကိုင်စွဲထားတဲ့ လက်နက်တွေဟာ လက်တွေ့မှာ လူထုအတွက် ဝန်ထုပ်ဝန်ပိုးကိုသာ ဖြစ်စေတာကြောင့် ရပ်တန်းကရပ်ဖို့ အချိန်တန်နေပြီ ဖြစ်ပါတယ်ရှင်။

ထာဝရငြိမ်းချမ်းရေး

နိုင်ငံတော်အစိုးရရဲ့စေတနာနဲ့ ပြည်သူလူထုရဲ့မေတ္တာကို နားလည်ခံယူသောအားဖြင့် ကိုင်စွဲထားကြတဲ့ လက်နက်တွေကို အပြီးအပိုင်စွန့်လွှတ်ပြီး ကိုယ့်ဒေသ၊ ကိုယ့်ပြည်သူ၊ ကိုယ့်တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြောမဟုတ် အလုပ်နဲ့သက်သေပြရင်း ပြည်သူလူထုက နေ့စဉ်နှင့်အမျှ လိုလားတောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ပေးကြပါလို့ ဒေသခံတိုင်းရင်းသား ပြည်သူအားလုံးရဲ့ကိုယ်စား အနူးအညွတ် မေတ္တာရပ်ခံပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သတင်းစဉ်)

ပြည်သူ့အကျိုး၊ ပြည်သူလူထုကို ကာကွယ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ကိုင်စွဲထားတဲ့ လက်နက်တွေဟာ လက်တွေ့မှာ လူထုအတွက် ဝန်ထုပ်ဝန်ပိုးကိုသာ ဖြစ်စေတာကြောင့် ရပ်တန်းက ရပ်ဖို့ အချိန်တန်နေပြီ။

မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်း သစ်တောစိုက်ခင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

သစ်တောရေးရာ ဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် မန္တလေးတိုင်း ညောင်ဦးခရိုင်လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများလိုက်ပါလျက် ဧပြီ ၂၁ရက်တွင် ညောင်ဦးမြို့နယ် မြေသင်းတွင်း ကာကွယ်တောအတွင်းရှိ ၂၀၀၃-၂၀၀၄ ခုနှစ် ကျေးရွာထင်းစိုက်ခင်း၊ ကာကွယ်တောစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် စိုက်ပျိုးရန်လျာထားသည့် ကျေးရွာထင်းစိုက်ခင်း၊ ကာကွယ်တောစိုက်ခင်းနှင့် ဒေသအစုအဖွဲ့ပိုင် စိုက်ခင်းများ မြေပြုပြင်ခြင်းလုပ်ငန်းများ၊ ပျိုးဥယျာဉ်လုပ်ငန်းများကို လည်းကောင်း၊ မကွေးတိုင်း ချောက်မြို့နယ် ရွှေပုံတောင်ယခင်နှစ်စိုက်ပျိုးပြီး တမာစိုက်ခင်းနှင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ထပ်မံစိုက်ပျိုးမည့် စိုက်ခင်း ၂၅၈ ဧက၏ မြေပြုပြင်ခြင်းလုပ်ငန်းများ၊ စိုက်ခင်းဟောင်းများကို ရေလောင်းခြင်း၊ မြစ်ရေတင်ခြင်းလုပ်ငန်းများ၊ မြေပေါ်ကန် တူးဖော်ထားရှိမှု အခြေအနေနှင့် ပျိုးဥယျာဉ်လုပ်ငန်းများကို လည်းကောင်း၊ ဧပြီ ၂၂ရက်တွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ လိုက်ပါပြီး ကျောက်ဆည်မြို့နယ် ကြက်ဆူကြီးစိုက်ခင်း ရှင်သန်အောင်မြင်နေမှု အခြေအနေတို့ကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် တာဝန်ရှိဝန်ထမ်းများနှင့် တွေ့ဆုံပြီး စိုက်ပြီးစိုက်ခင်းများ ရှင်သန်အောင် အလေးထားဆောင်ရွက်ရေး၊ စိုက်ခင်းများ မီးဘေးကြိုတင်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မိုးမကျမီ ယခင်နှစ် စိုက်ခင်းဟောင်းများကို ခါးဆွမြေတောင်မြှောက်ပေးရေး၊ ၂၀၀၅-၂၀၀၆ ခုနှစ် စိုက်ခင်းများအတွက် မြေပြုပြင်ခြင်းနှင့် ကျင်းတူးခြင်းလုပ်ငန်းတို့ကို သတ်မှတ် အရွယ်အစားအတိုင်း စနစ်တကျတူးဖော်ရေး၊ ပျိုးပင်များ ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး၊ ပထမ မိုးအမီ အချိန်ကိုက် စိုက်ပျိုးနိုင်အောင် ကြိုတင်စီမံထားရှိရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ရန် ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

လော်ကားဥယျာဉ် မေ ၁ ရက် (အလုပ်သမားနေ့)တွင် ဖွင့်လှစ်ထားမည်

ရန်ကုန် ဧပြီ ၂၉

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း ၂၀၀၅ ခုနှစ် မေ ၁ ရက် (အလုပ်သမားနေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။

(သတင်းစဉ်)



၁၉၉၁ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် မန်တုံမြို့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်အားပေးစဉ်။
(သတင်းစဉ်)

✳ ကျောဖုံးမှ

ဆောင်ရွက်ကြပြီး အခမ်းအနားမှူးများအဖြစ် မန်တုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြသည့် မမိုးမိုးအောင်နှင့် မနန်းကွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး မမိုးမိုးအောင်က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာသည်။

အမှာစကားပြောကြား

အစီအစဉ်အရ သဘာပတိ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကား ပြောကြားရာတွင် ယနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်တိုင်းရင်းသားသွေးချင်းများ အများစု နေထိုင်ကြရာ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်တို့မှ ဥပဒေဘောင်အတွင်း ဝင်ရောက်ထားသည့် ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားသို့ ကြိုဆိုဂုဏ်ပြုအားပေးကြရန် တက်ရောက်လာကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အကြီးအကဲများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ပလောင်တိုင်းရင်းသားသွေးချင်းများနှင့်တကွ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး ကိုယ်ရော၊ စိတ်ပါနှစ်ဖြာသော သုခအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပဏာမ နှုတ်ခွန်းဆက်အပ်ပါကြောင်း။

ယနေ့ ကျင်းပသည့် အခမ်းအနားသည် မိမိတို့ နမ့်ဆန်၊ မန်တုံဒေသတိုင်းရင်းသား ညီအစ်ကိုများအတွက်သာမက ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင်လုံးအတွက် သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက်သော်လည်းကောင်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာစေနိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဤဒေသ၌ ထာဝရဖော်ဆောင်နိုင်တော့မည်ဖြစ်သည့်အတွက် အလွန်ဝမ်းမြောက်ကြည်နူး ဂုဏ်ယူဖွယ်ရာကောင်းသည့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခမ်းအနားတစ်ရပ်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ရင်းမှူးတစ်ဦးက လက်နက်အပ်နှံစဉ်။
(သတင်းစဉ်)

ပလောင်သွေးချင်း တိုင်းရင်းသားညီအစ်ကိုများ အများစု စုဝေးနေထိုင်ရာ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်အပါအဝင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ လိုအင်ဆန္ဒ၊ တောင့်တချက်ကို အကောင်အထည်ဖော်နိုင်ရန်မှာ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အချက်သည် မရှိမဖြစ် အဓိက အခြေခံလိုအပ်ချက်ပင်ဖြစ်ကြောင်း။

ထို့အတူ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာရေးအတွက်တိုင်းရင်းသားညီအစ်ကို အားလုံး၏ သွေးစည်းညီညွတ်မှုကိုလည်း ခိုင်မာသည်ထက်ပိုမိုခိုင်မာအောင် တည်ဆောက်နေရန် အဓိကလိုအပ်နေသည့် အချိန်ကာလဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် သမိုင်းမတင်မီခေတ် ရှေးပဝေသဏီကတည်းက ရေကြည်ရာ၊ မြက်နုရာ ရွှေ့ပြောင်းသွားလာ နေထိုင်လာခဲ့ကြခြင်းကြောင့် နေရာတိုင်း၊ ဒေသတိုင်းတွင် တိုင်းရင်းသားမျိုးနွယ်စုများသည် စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်နှင့် အတူတကွ လက်တွဲနေထိုင်ခဲ့သည့် သွေးချင်းသားချင်း ညီအစ်ကိုများဖြစ်ကြကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတွင် ကိုလိုနီနယ်ချဲ့၏ လက်အောက်ကို နှစ်ပေါင်း ၁၀၀ကျော်တိုင် ကျရောက်ခဲ့ရပြီး သွေးခွဲအုပ်ချုပ်ခြင်းကိုခံခဲ့ရသည့် အမွေဆိုးကြောင့် ၁၉၄၈ခုနှစ် လွတ်လပ်ရေး စတင်ရရှိကတည်းက နှစ်ပေါင်း ၄၀နီးပါးကြာသည့်တိုင်အောင် မိမိတို့ တိုင်းရင်းသားများ အချင်းချင်းအကြားတွင် သံသယစိတ်များ ပြင်းထန်ခဲ့ပြီး လက်နက်စွဲကိုင် တိုက်ခိုက်နေခဲ့ကြသည့် အတွက် သဘာဝ သယံဇာတ အရင်းအမြစ်များ ကြွယ်ဝပြီး မြေခံရေခံအလွန်ကောင်းသည့် တို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ခေတ်နောက်ကျကျန်နေခဲ့ကြောင်း။

အထိုက်အလျောက် တည်ဆောက်နိုင်

၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကြီး ၁၇ဖွဲ့ အပါအဝင် အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာခဲ့ကြပြီး နိုင်ငံတော်အစိုးရနှင့် အပြန်အလှန် ယုံကြည်မှုကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင်တည်ဆောက်ကြရင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပူးတွဲလုပ်ဆောင်လာနိုင်ခဲ့သည့်အတွက် နယ်မြေဒေသအသီးသီး၌ တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကိုလည်း အထိုက်အလျောက် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဤကဲ့သို့ အချိန်ကာလမျိုးတွင် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ် မြောက်ရေးတပ်ဖွဲ့ဝင်များသည် တစည်းတလုံးတည်း နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုအပြည့်အဝဖြင့် ဒေသနေတိုင်းရင်းသားပြည်သူများ၏ ထာဝရအကျိုးကို ရှေးရှုပြီး ယခင်က သံသယစိတ်များဖြင့် စွဲကိုင်ထားဆဲဖြစ်သည့် လက်နက်များကို အပြီးအပိုင် စွန့်လွှတ်အပ်နှံခြင်းအားဖြင့် လက်နက်နှင့် ငြိမ်းချမ်းရေးကို အပြီးအပိုင် လဲလှယ်ဆောင်ရွက်လာခြင်းအပေါ် နိုင်ငံတော်အစိုးရကိုယ်စားသော်လည်းကောင်း၊ တိုင်းမှူးတစ်ယောက်အနေဖြင့်သော်လည်းကောင်း လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူကြိုဆိုပါကြောင်း ပြောကြားလိုကြောင်း။

အကျိုးဖြစ်ထွန်းစေနိုင်

ယခုကဲ့သို့ ရဲရဲဝံ့ဝံ့၊ ပြတ်ပြတ်သားသား တိကျခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်ဖြင့် ဦးအိုက်မုန်းနှင့် ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်အားလုံး တစည်းတလုံးတည်း လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံး တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက နေ့စဉ်နှင့်အမျှ လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးကို ဧကန်မလွဲ ဖော်ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသနေပြည်သူများ၏ လူနေမှုဘဝမြင့်မားစေရေး၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုအကျိုးဖြစ်ထွန်း စေလာနိုင်မည်ဖြစ်ကြောင်း အလေးအနက်ပြောကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာ... အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်... လွတ်မြောက်ရေးတပ်ဖွဲ့ ဒုတိယဥက္ကဋ္ဌ...

PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်သည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။
(သတင်းစဉ်)

PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင် ညီအစ်ကိုအားလုံးသည်လည်းပဲ ပလောင်တိုင်းရင်းသားသွေးချင်းများအတွက်သာမက ပြည်ထောင်စုနိုင်ငံတော်တစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကို အဖွဲ့အစည်း အားလုံးတို့ကို လမ်းကြောင်းမှန်တစ်ခုတည်းသို့ တစုတပေါင်းတည်း ရောက်ရှိလာအောင် "ရှေ့ဆောင်လမ်းပြ စံနမူနာအဖြစ် ဦးစီးခေါင်းဆောင်" လုပ်ဆောင်ပေးနိုင်ခဲ့ကြခြင်းကြောင့် ပြည်ထောင်စုနိုင်ငံတော်ကြီးအတွက် "မီးရှူးတန်ဆောင်" ပမာဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလို။

ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ လိုအင်ဆန္ဒကို အကောင်အထည်ဖော်နိုင်ရန် နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ်လိုအပ်

လူနေမှုဘဝမြင့်မားစေရေး၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြု အကျိုးဖြစ်ထွန်း စေလာနိုင်မည်ဖြစ်ကြောင်း အလေးအနက်ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ပြည်သူများလိုလားတောင့်တနေကြတဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ထောင်နိုင်ဖို့အတွက် ဒို့ပြည်သူတွေကို တရားဥပဒေဘောင်အတွင်း အပြည့်အဝ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်အောင် စောင့်ရှောက်ကာကွယ်ပေးနိုင်ရေးဟာ အခြေခံ မရှိမဖြစ်လိုအပ်သည့် အချက်ဖြစ်ကြောင်း”** လမ်းညွှန်မိန့်ကြားထားမှုရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးက လက်နက်အပ်နှံစဉ်။ (သတင်းစဉ်)

ထာဝရငြိမ်းချမ်းရေး

ယနေ့ ဦးအိုက်မုန်းနှင့် ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ဝင်အားလုံး စုံစုံညီညီ တစည်းတလုံးတည်း လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်အပ်နှံခြင်းသည် ပြည်သူများအားလုံး လိုလားတောင့်တနေကြသည့်၊ ပြည်သူ့ဆန္ဒ အစစ်အမှန်ဖြစ်သည့် ထာဝရ ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ရောက်အောင် ကိုယ်တိုင်ပါဝင်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြခြင်း ဖြစ်သည့်အတွက် နိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အေးမြသည့်၊ နွေးထွေးသည့် မေတ္တာကိုလည်း ဦးအိုက်မုန်းတို့တပ်ဖွဲ့ဝင်များအားလုံး ချက်ချင်းလက်ငင်း ရရှိခံစားနေကြရပြီ ဖြစ်ကြောင်းကို နိုင်ငံတော်ကိုယ်စားရင်တွင်းက စေတနာအမှန်ဖြင့် ဂုဏ်ပြုပြောကြားလိုကြောင်း။

ဦးအိုက်မုန်းနှင့်တကွ စိတ်တူကိုယ်တူ တပေါင်းတစည်းတည်း ညီညွတ်စွာဖြင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ် အပ်နှံလာခဲ့ကြသော ဒုတိယဥက္ကဋ္ဌ ဦးညီလုံး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၊ တပ်ရင်းမှူး ဦးဟန်သိန်း၊ တပ်ရင်းမှူး ဦးအောင်ပေ၊ တပ်ရင်းမှူး ဦးပန်စိယ၊ တပ်ရင်းမှူး ဦးအိုက်ဆာမ် အပါအဝင် PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ဝင် ညီအစ်ကို အားလုံးသည် လည်းပဲ ပလောင်တိုင်းရင်းသား သွေးချင်းများအတွက် သာမက ပြည်ထောင်စုနိုင်ငံတော် တစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကို အဖွဲ့အစည်းအားလုံးတို့ကို လမ်းကြောင်းမှန်တစ်ခုတည်းသို့ တစုတပေါင်းတည်း ရောက်ရှိလာအောင် **“ရှေ့ဆောင်လမ်းပြ စံနမူနာအဖြစ် ဦးစီးခေါင်းဆောင်”** လုပ်ဆောင်ပေးနိုင်ခဲ့ကြခြင်းကြောင့် ပြည်ထောင်စု နိုင်ငံတော်ကြီးအတွက် “မီးရှူးတန်ဆောင်”ပမာ ဖြစ်ကြောင်း ဂုဏ်ပြု ပြောကြားလိုကြောင်း။

ပံ့ပိုးကူညီမည်

ယခုကဲ့သို့ ထူးခြားလေးနက်စွာဖြင့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့၏ ခိုင်မာမှန်ကန်ပြတ်သားသည့် ဆုံးဖြတ်လုပ်ဆောင်ချက်များအပေါ် တိုင်းမှူးတစ်ယောက်အနေဖြင့် ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညီအစ်ကိုများ၏ နယ်မြေဒေသ လုံခြုံရေး၊ စားဝတ်နေရေးအခြေခံလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးအလေးထား အာရုံစိုက်ပြီး အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်းကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သည့်အပြင် နိုင်ငံတော်ကလည်း ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံလိုအပ်ချက်များကို အထူးတလည် ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန်အတွက် စဉ်ဆက်မပြတ် တင်ပြတောင်းခံ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ကတိပြုပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့အခမ်းအနားကို တက်ရောက်လာကြသော တိုင်းရင်းသား သွေးချင်းညီအစ်ကိုများအားလုံးနှင့် ဦးအိုက်မုန်းဦးစီးသော PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ဝင်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးတို့နှင့်အတူ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြရင်း နိုင်ငံတော်နှင့်ပြည် သူတို့၏ ကြီးမားလှစွာသော မေတ္တာ၊ စေတနာကို အလေးအနက်ခံယူကြပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မပြတ်လမ်းညွှန်မိန့်ကြားထားရှိသည့် နိုင်ငံသားအားလုံး၏ မွေးရာပါ တာဝန်ဖြစ်သော **“ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”**တို့အတွက် မိမိတို့တစ်တွေ အားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီကြိုးပမ်း ထမ်းဆောင်သွားကြပါစို့ဟု တိုက်တွန်းပြောကြားသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းက လက်နက်အပ်နှံစဉ်။ (သတင်းစဉ်)

လက်နက်များအပ်နှံ

ထို့နောက် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံသည့် အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့က လက်နက်များကို အပ်နှံကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ ဦးအိုက်ဆာမ်၊ ဦးဟန်သိန်း၊ ဦးအောင်ပေ၊ ဦးပန်စိယတို့က လက်နက်များကို အပ်နှံကြသည်။

လက်နက်များ

PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့က အပ်နှံသော လက်နက်များမှာ ၈၁ မမ စိန်ပြောင်း တစ်လက်၊ ၆၀မမ စိန်ပြောင်း ငါးလက်၊ နှစ်လက်မ စိန်ပြောင်းခြောက်လက်၊ ဘီအေ ၁၀၃ တစ်လက်၊ ၅၇ မမ နောက်ပွင့် တစ်လက်၊ RPG လောင်ချာ တစ်လက်၊ ဟိုမိန်းလုပ် လောင်ချာတစ်လက်၊ (7B)လောင်ချာ တစ်လက်၊(M-7)လောင်ချာ နှစ်လက်၊ အမ် ၇၂ လောင်ချာ တစ်လက်၊ H-K33 တစ်လက်၊ အမ် ၇၉ ရှစ်လက်၊ အမ်ဂျီ ၄၂ စက်လတ် တစ်လက်၊ အမ် ၂၃ တရုတ်စက်လတ် ၁၀ လက်၊ မွိုင့် ၃၀၃ ဘရင်းဂန်း သုံးလက်၊ ဘီအေ ၆၄ခုနစ်လက်၊ ဘီအေ ၆၃ ၁၇လက်၊ ဘီအေ ၇၂ကိုးလက်၊ ဘီအေ ၉၄ တစ်လက်၊ ဘီအေ ၅၂နှစ်လက်၊ ကာဘိုင် ၃၇ လက်၊ အမ် ၂၂ ၅၆ လက်၊ အမ် ၂၁ ၁၃၇ လက်၊ အမ် ၁၆အလက် ၆၀၊ အမ် ၁၄ ခုနစ်လက်၊ ၉မမ ပစ္စတို နှစ်လက်၊ ဘရောင်နင်ပစ္စတို တစ်လက်၊ Handle ပစ္စတို နှစ်လက်၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော်က ထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများကို PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းအား ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော်ကထောက်ပံ့သောအဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများကို PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးအား ပေးအပ်စဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၉ မှ

အမ် ၂၀ ၃၃လက်၊ ပွိုင့် ၃၈သုံးလက်၊ ပွိုင့် ၂၂၅တစ်လက်၊ ခြောက်လုံးပြူး နှစ်လက် အပါအဝင် စုစုပေါင်း လက်နက်မျိုးစုံ အလက် ၄၂၀၊ တင့်ဖျက်မိုင်းတစ်လုံး၊ နင်းမိုင်းတစ်လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၁၈လုံး၊ ကျည်ကပ်မျိုးစုံ ၅၇ခု၊ ဆက်သွယ်ရေးစက်မျိုးစုံ ငါးလုံး၊ ခွင်းကျည်နှင့် ဗုံးသီးမျိုးစုံ စုစုပေါင်း ၃၁၃ခု၊ ခဲယမ်းမျိုးစုံ စုစုပေါင်း ၁၉၉၀၆တောင့်တို့ဖြစ်သည်။

ကျေးဇူးတင်ကြောင်းပြောကြား

ယင်းနောက် အစီအစဉ်အရ PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် လဲလှယ်အပ်နှံဆောင်ရွက်ရသည့် အကြောင်းနှင့် ရည်ရွယ်ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်ကြောင်းတို့ကို မြန်မာဘာသာ၊ ပလောင်ဘာသာတို့ဖြင့် ပြောကြားသည်။

(PSLAပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း၏ ကျေးဇူးတင်စကားကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်က ၎င်းတို့ တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး အပြည့်အဝ ငြိမ်းချမ်းရေးနှင့် လဲလှယ်ရခြင်း အကြောင်းရင်းနှင့် ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ပလောင်ဘာသာတို့ဖြင့် ပြောကြားသည်။

(PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၏ ကျေးဇူးတင်စကားကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် ဒေသခံ တအောန်း ပလောင် တိုင်းရင်းသား ရပ်မိ ရပ်ဖ ဦးခွန်ပွင့်က ဦးအိုက်မုန်းနှင့် အဖွဲ့အား ဒေသခံတိုင်းရင်းသား ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် မန်တုံနှင့် နမ့်ဆန်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက် ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ပလောင်ဘာသာတို့ဖြင့် ပြောကြားသည်။

(ဒေသခံ တအောန်း ပလောင် တိုင်းရင်းသား ရပ်မိ ရပ်ဖ ဦးခွန်ပွင့်၏ ဝမ်းမြောက် ကျေးဇူးတင်စကားကို သီးခြားဖော်ပြထားပါသည်။)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိသူ တစ်ဦးအား ဂုဏ်ပြုပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒေသခံ တအောန်း ပလောင် တိုင်းရင်းသူ မနန်းမြစိန်က ဦးအိုက်မုန်းနှင့်အဖွဲ့အား ဒေသခံ တိုင်းရင်းသား ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် မန်တုံနှင့် နမ့်ဆန် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက် ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ပလောင်ဘာသာတို့ဖြင့် ပြောကြားသည်။

(ဒေသခံ တအောန်း ပလောင် တိုင်းရင်းသူ မနန်းမြစိန်၏ ဝမ်းမြောက် ကျေးဇူးတင်စကားကို သီးခြားဖော်ပြထားပါသည်။)

ဂုဏ်ပြုပေးအပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်က ထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများကို PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့အားပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ ဦးအိုက်ဆာမ်နှင့် ဦးဟန်သိန်းတို့အား ဂုဏ်ပြုပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ ဦးအောင်ပေနှင့် ဦးပန်စိယတို့အား ဂုဏ်ပြုပစ္စည်းများပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့် ဆန်အိတ် ၁၅၀၊ စားသုံးဆီ ပိဿာ ၁၀၀နှင့် ဝတ်စုံ ၄၀၀တို့ကို PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့အား ပေးအပ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✪

၁၉၉၁ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိသူ တစ်ဦးအား ဂုဏ်ပြုပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့် ဆန်အိတ် ၁၅၀၊ စားသုံးဆီပိဿာ ၁၀၀နှင့် ဝတ်စုံ ၄၀၀တို့ကို PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့အား ပေးအပ်စဉ်။ (သတင်းစဉ်)

✪ စာမျက်နှာ ၁၀ မှ

ထို့နောက် နံနက် ၉နာရီ ၄၅မိနစ်တွင် ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများသည် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့သည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့အတွက် နိုင်ငံတော်က ထောက်ပံ့သည့် အဝတ်အထည်များနှင့် ဂုဏ်ပြုပစ္စည်းများ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ထောက်ပံ့သည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် တာဝန်ရှိသူများ၊ ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန်တုံမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံရာ ဦးအိုက်မုန်းနှင့် တာဝန်ရှိသူတို့က မန်တုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေတာဝန်ခံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မန်တုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး မန်တုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဆက်လက်စီစဉ် ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန်တုံမြို့ အောင်မင်္ဂလာ မြို့လယ်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မန်ကန်ဆရာတော် ဘဒ္ဒန္တ နာရဒ၊ အောင်မင်္ဂလာ မြို့လယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မပိယတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ လက်ထောက်ဆရာဝန် ဒေါက်တာချိုနိုင်နှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆေးပေးခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ခတ်မှန်ဆောင် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများအတွက် ပံ့ပိုးငွေများကို ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန်တုံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင်ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ် အပ်နှံလဲလှယ်ကြသည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင်ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးနှင့် တပ်ဖွဲ့ဝင်များအားရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန်တုံမြို့နယ်ပြည်သူ့ဆေးရုံ ဆေးပေးခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

ရန်ကုန် ဧပြီ ၂၉

၂၀၀၅ခုနှစ် ဧပြီ ၂၈ရက် မြန်မာစံတော်ချိန် ည ၈နာရီ မိနစ် ၄၀ ၅၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက်မိုင် ၁၁၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ရှည်ရော်ဘာပင် တိုးချဲ့စိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အမှာစကား ပြောကြား

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြုလုပ်သည့် ရန်ကုန်တိုင်းအတွင်း နှစ်ရှည်(ရော်ဘာပင်) တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၇ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကြည်ဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အားပေးမြှင့်တင်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က မြန်မာ့နှစ်ရှည်ပင် တစ်မျိုးဖြစ်သည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေးအတွက် ပုဂ္ဂလိက ရော်ဘာစိုက်ပျိုးရေးကဏ္ဍကို အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း နေရာဒေသအချို့မှအပ တစ်နိုင်ငံလုံးနီးပါး ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အခြေအနေကောင်းများရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံအချို့တွင်နိုင်ငံ၏ အဓိကထုတ်ကုန်အဖြစ် ရော်ဘာကိုပါ တိုးချဲ့စိုက်ပျိုးပြီး ပြည်ပသို့ တင်ပို့လျက်ရှိရာ မိမိတို့နိုင်ငံကဲ့သို့ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည့် ရေ၊ မြေ၊ သဘာဝရာသီဥတု အနေအထားရှိသော နိုင်ငံအတွင်း ရော်ဘာတိုးချဲ့ စိုက်ပျိုးရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း ရော်ဘာပင် စိုက်ပျိုးမှုကဏ္ဍ မြင့်မားတိုးတက်စေရေး အားပေးမြှင့်တင်ပေးလျက်ရှိရာ ရော်ဘာပင် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် မိမိရယူထားသည့် မြေနေရာအားလုံး အပြည့်အဝစိုက်ပျိုးကြရန်၊ မြေနေရာရယူထားပြီး စိုက်ပျိုးခြင်း မရှိသေးသည့် လုပ်ငန်းရှင်များအနေဖြင့် အမြန်စိုက်ပျိုးကြရန်နှင့် ရော်ဘာစိုက်ပျိုးရန် စိတ်ဝင်စားသောလုပ်ငန်းရှင်များအတွက် စိုက်ပျိုးရန်မြေနေရာနှင့် နည်းပညာများ ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း ရော်ဘာစိုက်ပျိုးခြင်းကို သုံးနှစ်အတွင်း ဧကတစ်သိန်းရည်မှန်းချက်ထား၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ရော်ဘာစိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေပြီး နိုင်ငံတော်နှင့် လုပ်ငန်းရှင်များအတွက်လည်း များစွာအကျိုးရှိသဖြင့် ရော်ဘာတိုးချဲ့ စိုက်ပျိုးကြရေး စီမံဆောင်ရွက်ကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ပံ့ပိုးကူညီ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးကြည်ဝင်းက ရန်ကုန်တိုင်းအတွင်း ရော်ဘာစိုက်ပျိုးပြီးစီးမှု၊ ရော်ဘာ တိုးချဲ့စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် လိုအပ်သည်များ ပံ့ပိုးကူညီပေးနိုင်သည့် အခြေအနေများကိုလည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးကြင်ထွန်းက ရန်ကုန်တိုင်းအတွင်း ရော်ဘာစိုက်ပျိုးရန်မြေနေရာချထားပေးနိုင်သည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များက ရော်ဘာပင်တိုးချဲ့ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် လိုအပ်သည်များကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ်အတွင်း အသင်းဝင်များ၊ ဒေသခံ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ကချင်ပြည်နယ်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ ၂၃ ရက်တွင် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌ ကျေးရွာမှပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အသင်းဝင်အဆိုပြုလွှာ အစောင် ၄၅၀ ကို လက်ခံသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် တနိုင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဦးလွင် လိုက်ပါလျက် တနိုင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်းဝင်များ၊ ဒေသခံရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းဝင်အဆိုပြုလွှာ အစောင် ၁၀၀၀ ကို လက်ခံကာ အသင်းဝင်ဝတ်စုံများနှင့် လက်ဆောင်ပစ္စည်းများကို ဒေသခံများသို့ပေးအပ်သည်။

ဗဟိုအတွင်းရေးမှူးသည် ခရီးစဉ်တစ်လျှောက် မြစ်ကြီးနား-တနိုင်း ကားလမ်းဆက်သွယ်ရေးကောင်းမွန်မှုများကိုလည်း ကြည့်ရှုသည်။ အလားတူ တနိုင်းမြို့၌ရှိနေစဉ် တနိုင်းမြို့ ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်းကိုရောက်ရှိစစ်ဆေးပြီး ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့အပြင် တနိုင်းမြို့ ဘုန်းတော်ကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအားဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအတွင်းရေးမှူးသည် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် တနိုင်းတပ်နယ်မှူး လိုက်ပါလျက် တနိုင်းမြို့ စိန့်ပက်ထရိတ်ကက်သလစ် အသင်းတော်သို့ ရောက်ရှိပြီး ခရစ်ယာန်ဘာသာရေး အသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် အသင်းတော်မှ ကျောင်းထိုင်ဘုန်းတော်ကြီး ဆရာတော် ဦးပီတာ မလန်နောင်မော်က ယခုကဲ့သို့ ဗဟိုအတွင်းရေးမှူးနှင့်အဖွဲ့ လာရောက်၍ လိုအပ်နေသော အခက်အခဲများကို ကူညီဖြည့်ဆည်းပေးခြင်းအတွက်အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အသင်းတော်ကလည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုကိုအမြဲခံယူပြီး ပြည်ထောင်စုဖြိုခွဲသူများနှင့် ဒို့တာဝန်အရေးသုံးပါး ထိခိုက် ပျက်စီးအောင် ကြံဆောင်လုပ်ကိုင်နေသူများကို မည်သည့်အခါမှ လက်ခံမည်မဟုတ်ကြောင်းနှင့် ၎င်းတို့၏ လုပ်ရပ်များကို အစဉ်အမြဲဆန့်ကျင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဗဟိုအတွင်းရေးမှူးက ဘာသာရေးအသင်းများနှင့် ဒေသခံရပ်မိရပ်ဖများ၊ အသင်းတော်များတွင် ပညာသင်ကြားနေသော မိဘမဲ့ဆင်းရဲနွမ်းပါး ကလေးငယ်များအတွက် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ တနိုင်းမြို့နယ် လမုန်စံပြကျေးရွာ မူလတန်းလွန်ကျောင်း၌ ပြုလုပ်သော တွေ့ဆုံပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လမုန်၊ မကော၊ ကျောင်းကုန်းနှင့် ရှင်ဗွေယန်ကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာအစောင် ၂၀၀ ကို လက်ခံသည်။ အလားတူ ဖားကန့်မြို့နယ် ရှုဒူဇွတ်ကျေးရွာနှင့် နောင်မြီကျေးရွာများတွင် ပြုလုပ်သောတွေ့ဆုံပွဲနှင့် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်ခဲ့ပြီး ဒေသခံများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အသင်းဝင် အဆိုပြုလွှာအစောင် ၄၀၀ ကို လက်ခံသည်။ ဆက်လက်၍ မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သော တွေ့ဆုံပွဲနှင့် အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲသို့ တက်ရောက်ပြီး အဆိုပြုလွှာ ၁၄၃၉ စောင်ကို လက်ခံသည်။

ယင်းနောက်ဗဟိုအတွင်းရေးမှူးသည် မိုးကောင်းမြို့နယ် နမ္မတီးနှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ ရောက်ရှိပြီး ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖ အသင်းဝင်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာအစောင် ၂၅၀ ကို လက်ခံသည်။ခရီးစဉ်တစ်လျှောက်၌ဗဟိုအတွင်းရေးမှူးသည် ဒွန်ဘန်ကျေးရွာ ရေအားလျှပ်စစ်စက်ရုံကို ကြည့်ရှုခဲ့သည်။ အလားတူ နမ္မတီးအော်တိုအိတ်ချိန်းရုံးသို့လည်းဝင်ရောက်စစ်ဆေးကာ လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လှူဖွယ်ပစ္စည်းများဆက်ကပ် လယ်ယာမြေများ သဘာဝမြေသြဇာကြဲပက်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၂၉

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်အဖွဲ့သည် ဧပြီ ၂၃ရက်တွင် မော်လမြိုင်မြို့သို့ရောက်ရှိပြီး သာသနာ့မာန်အောင်ဝဲပုံစာသင်တိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသအားလည်းကောင်း၊ ဒိုင်းဝန်ကွင်း ရှမ်းစုရပ်ရှိ ကော့လှာစာသင်တိုက်ကျောင်းမှ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သြဘာသအားလည်းကောင်း၊ မောင်ငံနတ်မော်ကျောင်းတိုက်ရှိ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သုမနအားလည်းကောင်း ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ သာသနာရေးရာကိစ္စများ လျှောက်ထားသည်။

ဝန်ကြီးသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၄ ရက်တွင် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့သို့ ရောက်ရှိပြီး ကျိုက်ဒုံမြို့အထက်တန်းကျောင်း၌ မာလ်တီမီဒီယာ အသုံးချမှုကို ကြည့်ရှု၍ ကွန်ပျူတာ နှစ်စုံ၊ အထက်တန်းသင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် ခဲတံများကို ကျောင်းအုပ်ဆရာမကြီးထံပေးအပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးသည် ကျိုက်ဒုံမြို့ရှိ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို တက်တက်ကြွကြွ လုပ်ဆောင်ကြရန် မှာကြားသည်။ ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် အဇင်းကျေးရွာသို့ ရောက်ရှိ၍ အဇင်းကျေးရွာရှိ ဘုရင့်နောင်ခန်းမ၌ ကျေးရွာ ရပ်မိရပ်ဖများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကျိုက်ဒုံမြို့သို့ရောက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးရုံး၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၂၅ ရက်တွင် ကျိုက်ဒုံမြို့ရှိ မိတန်ဘုန်းတော်ကြီးကျောင်း၌ ဆရာတော် ဘဒ္ဒန္တ သောမနှင့် တကွ တောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇောဘာသ၊ ဇေတိကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလ၊ သန္တိသုခကျောင်းဆရာတော် ဘဒ္ဒန္တ သူရိယနှင့် မြို့တော်ဦးဘုရားတောင်ကျောင်းဆရာတော်ဘဒ္ဒန္တ ကဋ္ဌောဘာသ တို့အား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းဒိုစုံနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးရာကိစ္စများ လျှောက်ထားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ဒုံမြို့ရှိ နောင်တော်ကြီးစေတီတော်အား ဖူးမြော်ကြည်ညို၍ စေတီတော်အတွက် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဘက်စုံပြုပြင်ခြင်းတို့အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

– တက်ရောက်အားပေး –

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ်သို့ ရောက်ရှိပြီး လယ်ယာမြေများ၊ သဘာဝ မြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာသို့ ရောက်ရှိပြီး လယ်ယာမြေများစုပေါင်း သဘာဝမြေသြဇာ ကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်၍လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဧပြီ ၂၆ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ခါန္တေဦးကာ လှုပ်ရှားမှု စုပေါင်းသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက်ဝန်ကြီးသည် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ သွေးလှူဒါန်းပွဲသို့ တက်ရောက်သည်။

(သတင်းစဉ်)

မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အသင်းဝင်အဆိုပြုလွှာ အစောင် ၄၅၀ ပေးအပ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် လက်ခံယူစဉ်။

(ဆက်သွယ်ရေး)

အဖိုးတန် အကျိုးပြု တီလားပီးယားငါးများ မွေးမြူကြပါစို့

ကိုပြင်ကောက်တင်မောင်ဦး

မြန်မာနိုင်ငံ၏ ရေချိုငါးမွေးမြူရေးဇာတ်လမ်းသည် ဧကစုစုပေါင်း ၁၆၈၅၅၉ ဒသမ ၄၄ဧက ရှိနေပြီဖြစ်သည်။ မကြာမီကာလတွင် ဧကနှစ်သိန်းအထိ တိုးတက်လာမည်ဖြစ်သည်။ ထိုကဲ့သို့ ငါးမွေးကန်ဧကများ နှစ်စဉ်တိုးချဲ့ဆောင်ရွက်နေသော်လည်း မွေးမြူသည့် ငါးများမှာ ငါးမြစ်ချင်းတစ်မျိုးတည်းသာ အဓိကထား၍ ၇၅ ရာခိုင်နှုန်းခန့် မွေးကြသည်။ ငါးတန်၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ ရွှေဝါငါးကြင်း၊ မြက်စား ငါးကြင်း၊ တီလားပီးယားနှင့် ရေချိုငါးမုတ်တို့ကို ၂၅ ရာခိုင်နှုန်းခန့် မွေးမြူနေကြသည်။ ထိုသို့ ငါးတစ်မျိုးတည်းကို အဓိကထား၍ မွေးမြူကြသည့်အတွက် ပြည်တွင်း စားသုံးမှုဖူလုံပိုလျှံစေလျက်ရှိသော်လည်း ပြည်ပပို့ကုန်အဖြစ် တင်ပို့ရာတွင် ဈေးကွက်ကျဉ်းမြောင်းမှုရှိခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ငါးမျိုးစုံမွေးမြူသည့်စနစ်သို့ ပြောင်းလဲနိုင်လျှင် နိုင်ငံတော်နှင့် ငါးမွေးမြူရေး လုပ်ငန်းရှင်များ၏ အကျိုးကိုပိုမိုတိုးတက်ဖြစ်ထွန်းလာစေမည်ဖြစ်သည်။ ငါးမျိုးစုံမွေးမြူသည့်စနစ်ကို ပြောင်းလဲမွေးမြူမည်ဆိုပါက အဓိကထား၍ တိုးချဲ့မွေးမြူရသည့် ငါးမျိုးမှာ ပြည်ပဈေးကွက် တင်ပို့မှုနှင့်ပြည်တွင်းစားသုံးမှုအတွက် သင့်လျော်ရမည်ဖြစ်သည်။

ယခုအခါ ပြည်ပဈေးကွက်တင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှုအတွက် အလျော်ကန်အသင့်မြတ်ဆုံးဖြစ်သော ငါးမှာ တီလားပီးယားငါးမျိုးပင်ဖြစ်သည်။ ထိုငါးသည် ရေချိုငါးမွေးမြူရေးငါးများအနက် ဘက်စုံအားသာချက်များရှိနေသဖြင့် ကမ္ဘာ့လူသားများ၏ ငါးရိက္ခာအတွက် အဓိကမွေးမြူနေသည့် ငါးဖြစ်လာသည်။ နိုင်ငံတကာဈေးကွက်တွင်လည်း တီလားပီးယားငါးဈေးကွက်သည် တစ်နေ့တခြား ကြီးမားကျယ်ပြန့်လာပြီး နေရာယူလာပြီဖြစ်သည်။

မြန်မာနိုင်ငံ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ၁၉၅၃ ခုနှစ်က စတင်ခဲ့သည်။ ထိုစဉ်က တီလားပီးယားငါးမျိုးသည် အရောင်မည်းခြင်း၊ ကြီးထွားနှုန်းနည်းခြင်း၊ အရိုးများခြင်း၊ တစ်နှစ်လျှင် ခြောက်ကြိမ်ခန့်သာ သားပေါက်လေ့ရှိခြင်းကြောင့် မြန်မာနိုင်ငံရှိပြည်သူများ ကြိုက်နှစ်သက်မှု မရှိခဲ့ပါ။ ယခု မျိုးကောင်းမျိုးသန့် တီလားပီးယားငါးမျိုးသန့်သည် တစ်နှစ်ပတ်လုံး သားပေါက်ထုတ်လုပ်နိုင်သည်။ စတင်အကောင်ပေါက်သည်မှ ဈေးကွက်ဝင်အရွယ်အထိ ရှစ်လသာအချိန်ပေး၍ မွေးမြူရသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုနည်း၍ အထွက်ပိသာချိန်မှာ စီးပွားရေး တွက်ခြေကိုက်သည်။

ထို့အပြင် အရိုးနည်းသည်။ အရောင်လှသည်။ မြန်မာပြည်သူများ ကြိုက်နှစ်သက်သော ငါးပြေမ၊ ငါးခူ၊ ငါးရံ့နှင့် ကကတစ်ငါးမျိုးတို့၏ အရသာနှင့် တူသည်။ လူမျိုးစုံ၊ ပြည်ပနိုင်ငံစုံတို့က တီလားပီးယားငါးကို နှစ်သက်သဘောကျသဖြင့် ပြည်ပဈေးကွက်ဝင်သည်။ ပြည်ပဈေးကွက်သို့ ကြီးမားကျယ်ပြန့်စွာ တင်ပို့နိုင်ပြီဖြစ်သည်။ ထိုအားသာချက်များကြောင့် မြန်မာနိုင်ငံ ရေချိုငါးမွေးမြူရေးလုပ်ငန်းတွင် မဖြစ်မနေ တိုးချဲ့မွေးမြူနိုင်သည့် ငါးအမယ်သစ်တစ်မျိုးအဖြစ် တီလားပီးယားငါးက နေရာရလာသည်။

တီလားပီးယားသည် ငါးမွေးမြူရေးလုပ်ငန်း၌ စီးပွားရေး တွက်ခြေကိုက်သော လုပ်ငန်းဖြစ်ပါသည်။ ငါးတစ်ကောင်မှ တစ်ခါသားပေါက်လျှင် ကောင်ရေ ၂၅၀ မှ ၃၅၀ ဖြစ်ပါသည်။ တီလားပီးယားကောင်ရေ ၅၀ (ငါးစုံ)ထည့်၍ တစ်နှစ်ကြာ မွေးမြူထားမည်ဆိုလျှင် ငါးအကောင်တစ်သောင်းကျော် ဖြစ်လာမည်။ ထိုငါးမွေးထားသော ကန်ပေါင်မှာ ကန်စွန်းရွက်စိုက်ထားပေးရုံဖြင့် လုံလောက်ပါသည်။ ယင်းငါး အကောင်တစ်သောင်းအတွက် ဝင်ငွေကျပ်သုံးသောင်းကျော် ရရှိနိုင်ပါသည်။ တီလားပီးယားငါးတစ်ကောင်ကို တစ်လအတွင်း အစာမကျွေးဘဲ မွေးထားလျှင် တစ်ကျပ်သားကြီးပါသည်။ ကန်စွန်းရွက် ကျွေးမွေးလျှင် ၁ဒသမ၂ ကျပ်သား ကြီးပါသည်။ မြေကန်မှ စိမ်းပြာရေညှိ ကျွေးလျှင် ၁ ဒသမ ၃၃ ကျပ်သား ကြီးထွားပါသည်။ လယ်ကွက်တွင် စပါးနှင့် ရောမွေးမြူပြီး စိမ်းပြာရေညှိ ကျွေးပါက တစ်လကို ၂ဒသမ၀၁ ကျပ်သားကြီးပါသည်။ ထိုကြီးထွားနှုန်းများမှာ အနက်ရောင် တီလားပီးယားငါးများ၏ ရလဒ်ဖြစ်ပါသည်။

အနီရောင် တီလားပီးယားငါးများကို မွေးလျှင် တစ်လအတွင်း ဘာမျှမကျွေးပါက နှစ်ကျပ်သား၊ ကန်စွန်းရွက် ကျွေးလျှင် သုံးကျပ်သား၊ စိမ်းပြာရေညှိ ကျွေးလျှင် ၃ဒသမ၃ ကျပ်သား၊ လယ်ကွက်တွင် ငါး၊ စပါး ရောမွေး၍ စိမ်းပြာရေညှိ ကျွေးမွေးလျှင် ၃ဒသမ ၉၁ ကျပ်သား ကြီးထွားနှုန်းရှိပါသည်။ ထို့အပြင် ထူးခြားသည်မှာ စပါးတင်း ၇၀ ထွက်သော လယ်ကွက်အတွင်းတွင် တီလားပီးယားငါးကို စပါးနှင့်ရော၍ မွေးပါကစပါးတင်း ၉၀အထိ ထွက်ပါသည်။ တင်း ၉၀ အထိထွက်လေ့ရှိသော လယ်ကွက်တွင်းသို့ တီလားပီးယားငါး ထည့်သွင်းမွေးပါက စပါး ၁၀၅ တင်းအထိ ထွက်ပါသည်။ ထိုသို့ စပါး၊ငါး စိုက်ပျိုးမွေးမြူခြင်းသည် အလုပ် ပို၍ လုပ်ရခြင်းမရှိ၊ လုပ်အားခ ပိုမိုကုန်ကျခြင်းမရှိဘဲ စပါးရော ငါးပါအထွက်ကောင်းသည့်အတွက် တောင်သူလယ်သမားများ ဝင်ငွေပိုပြီး တိုးတက်ရရှိလာစေသည်။

တီလားပီးယားငါးသည် ရေတိမ်မှာ နေနိုင်ပါသည်။ ထို့အပြင် မြင့်မားသည့် အပူချိန်ကို ခံနိုင်ရည်ရှိပါသည်။ ထို့ကြောင့် စပါးသက်တမ်းအတွင်း ဈေးကွက်ဝင် အရွယ်အစားရနိုင်သည့်အတွက် စပါးကွင်းများမှာပါ စပါးနှင့် အတူရော၍ မွေးမြူနိုင်သည်။ စပါးခင်း ပတ်ပတ်လည်မှာ ကျုံးပတ်ပြီး ကျောက်ပြင်သဏ္ဍာန် တူးဖော်၍ မွေးမြူရန် အထူးကောင်းမွန်သော ငါးမျိုးဖြစ်ပါသည်။

တီလားပီးယားငါးသည် ကျေးလက်နေပြည်သူများအတွက် စပါးအထွက် တိုးတက်ရေးကို အကျိုးပြုသည်သာမကပါ။ ကျေးလက်နေပြည်သူများကို ခြင်ကြောင့်ဖြစ်သည့်ရောဂါ အန္တရာယ်များမကျရောက်အောင်လည်း ကာကွယ်ပေးပါသည်။ ဥပမာ ဦးနှောက်အမြှေးရောင်ရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါမျိုးများဖြစ်သည်။ တီလားပီးယားငါးသည် ရေစပ်များတွင်ရှိသော ခြင်ဥများနှင့် လောက်လမ်းများကို စားပစ်ကြသည်။ ထို့ကြောင့် တီလားပီးယားငါး မွေးမြူထားသည့် ပတ်ဝန်းကျင် အနီးအနားတွင် ခြင်မရှိနိုင်သည့် အကျိုးကျေးဇူးများလည်း ရရှိပါသည်။

ထို့အပြင် တီလားပီးယားငါးသည် စိမ်းပြာရေညှိများကို အလွန်နှစ်သက်ပါသည်။ စိမ်းပြာရေညှိသည် ကိုလက်စထရောကို လျော့နည်းစေခြင်း၊ ကင်ဆာရောဂါကို ကာကွယ်ခြင်း၊ သွေးအား နည်းရောဂါ ပျောက်ကင်းစေနိုင်ခြင်း၊ အရေပြားရောဂါ ကင်းစေနိုင်ခြင်း စသည့် အာနိသင်များရှိပါသည်။

တီလားပီးယားငါးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင်လည်း လူများကို အကူအညီပေး အကျိုးပြုသော ငါးမျိုးဖြစ်ပါသည်။ မိုးတွင်းချိန်၌ ရေဆိုးရေပုပ်များဖြင့် စွတ်စိုနေတတ်သည့် မြောင်းများ၊ ပက်ကြားအက်မြေများတွင်ရှိသော ရေဆိုးများအတွင်းသို့ တီလားပီးယားငါးများ ထည့်သွင်း၍ ဘေးမဲ့လွှတ်ပေးခြင်းဖြင့် မြောင်းများကို သန့်ရှင်းစေပါသည်။ ရေညှိများကြားသို့ တီလားပီးယားငါးများကို လွှတ်ပေးလိုက်လျှင်လည်း ရေညှိများကို ကုန်သလောက်စားနိုင်သည့်အတွက် ရေကိုလည်း သန့်စင်ပေးပါသည်။

ထို့ကြောင့် အဖိုးတန်အကျိုးပြု တီလားပီးယားငါးတို့ချဲ့မွေးကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြလိုက်ပါသည်။ ။



ပြည်ပဈေးကွက်ဝင် တီလားပီးယားငါး။

ရင်းနှီးမြှုပ်နှံမှု နည်းပြီး စီးပွားရေး တွက်ခြေကိုက်သည့် တီလားပီးယားငါး။

တစ်နှစ်ပတ်လုံး သားပေါက်ထုတ်လုပ်နိုင်သည့် တီလားပီးယားငါး။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	**မိုးကုတ်ဆရာတော်ကြီး၏ တရားတော်- -အာသဝေါတရားလေးပါး**
၉:၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -The Impact of agricultural Technology (ဒုတိယနှစ်-ပထဝီဝင်အထူးပြု)**
၅:၃၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း- "ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း" (အပိုင်း-၁၁)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**English Premier League ဘောလုံးပွဲ Bolton Wonderers Vs Chelsea**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

ရန်ကုန်တိုင်းမြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာ... ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ပထမအကြိမ်မြို့နယ်ပေါင်းစုံစားပွဲတင်တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ မေ ၁၉ ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် မြို့နယ်များ ဦးလှမျိုးခိုင် အတွင်းရေးမှူး ဖုန်း-၅၁၃၃၃၃ လိုင်းခွဲ ၂၇၃နှင့် အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတို့၌ မေ ၁၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။(တိုင်းအား/ကာ)

ဧပြီ ၂၃ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမက (၂၂)၏ ၂၀၀၄-၂၀၀၅ခု ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းမြင့်က စတုတ္ထတန်းမှ မရွှန်းလဲ့အောင်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (၆၃)

၁၉၉၁ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်

ရန်ကုန် ဧပြီ ၂၉

၁၉၉၁ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ယနေ့နံနက် ၈နာရီ မိနစ် ၂၀တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် မန်တုံမြို့ အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းနှင့် မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ အင်အား ၅၀၀၀ ကျော် တက်ရောက်ကြသည်။

ထို့ပြင် ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ကြသည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၊ တပ်ရင်းမှူးအဆင့်ရှိ ဦးအိုက်ဆာမ်၊ ဦးဟန်သိန်း၊ ဦးအောင်ပေ၊ ဦးပန်စိယ အပါအဝင် တပ်ဖွဲ့ဝင် စုစုပေါင်း ၈၄၃ ဦးတို့လည်း တက်ရောက်ကြသည်။

အလားတူ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့မှ ဦးဖုန်ကြာဖူးနှင့်အဖွဲ့၊ အထူးဒေသ(၂) “ဝ”အဖွဲ့မှ ဦးအောင်မြင့်နှင့်အဖွဲ့၊ အထူးဒေသ(၃) အက်စ်အက်စ်အေအဖွဲ့မှ ဦးလွယ်မောဝ်နှင့်အဖွဲ့၊ အထူးဒေသ(၅) ကေဒီအေအဖွဲ့မှ ဦးမထုနော်နှင့်အဖွဲ့၊ ကချင်အထူးဒေသ(၂) ကေအိုင်အေအဖွဲ့မှ ဦးဇော်ဂွန်းနှင့်အဖွဲ့တို့လည်း တက်ရောက်ကြသည်။

သဘာပတိများ

အဆိုပါ အခမ်းအနားတွင် သဘာပတိများအဖြစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

လက်နက်ခဲယမ်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့သည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို အန္တရာယ်ပြုလာသည့်ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်ကို လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက လုံးဝလက်မခံ၊ ဆန့်ကျင်ကန့်ကွက်ကြောင်း သဘောထားကြေညာချက် ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက် အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်အား ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီး ထုတ်ပြန်ကြေညာလျက်ရှိသည်။ ယင်းသို့ ထုတ်ပြန်ကြေညာကြသော အဖွဲ့အစည်းများအနက် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားကြေညာချက် အပြည့်အစုံကို တစ်ဖက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်-

(သတင်းစဉ်)

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ညီရင်းအစ်ကိုပမာ စုပေါင်းနေထိုင်လာခဲ့ကြသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၂။ ၂၀၀၅ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ပြည်ပတစ်နေရာ၌ ရှမ်းပြည်ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံ တည်ထောင်ကြောင်း သတင်းထုတ်ပြန်ကြေညာချက်ကို ကြားသိရပါသည်။

၃။ အဆိုပါ ထုတ်ပြန်ကြေညာချက်သည် မြန်မာနိုင်ငံ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်းကောင်း၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးကိုလည်းကောင်း ဖြိုခွဲသောလုပ်ရပ်ဖြစ်၍ လက်မခံနိုင်ပါ။

၄။ သို့ဖြစ်ပါ၍ ရှမ်းပြည်အစိုးရဖွဲ့စည်းပြီး ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း ကြေညာချက်ကို လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ လုံးဝဆန့်ကျင် ကန့်ကွက်ပါကြောင်း ကြေညာလိုက်သည်။

ဦးယောအေးလှ
တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၉) ရက်။